လေခကမ္မကထာ

စကြာရှင်

ကာမသဿ–စကြာယာဉ်နှင့် စကြာရှင်၏၊ စက္ကပဝတ္တိ– စက်လည်ကျိုးကား၊

ကာမသုခါယဝတတိ– လူ့ဘုံဝ၏ကာမ၊ သုခကိုမျှ အတိုးရစေ၏။

ဓမ္မသဿ–တရားယာဉ်နှင့် တရားရှင်၏၊ စက္ကဝတ္တိ– စက် လည်ခြင်းကား၊

ယံ သဗ္ဗံ သုခံ– အကြွင်းချမ်းသာခြင်းမှန်သမျှ အဝဝကိုလျှင်၊

သာဝေတိ– ပြီးစီးစေနိုင်၏။ တေနဟိ– ထိုသို့ဖြစ်လျက်နှင့်ပင်၊

ကာမသတ္တာနံ– ကြိုက်ရာရာအကောင်းထင် ကြိုက်ရာသို့သာ သွားလမ်းပြင်နေကြ

ပါကုန်သော သတ္တဝါအများတို့သည်ကား၊ ဓမ္မသဿ ပဝတ္တေ– ဓမ္မစက်လည်ပတ်ရာ

ဓမ္မရတနာ ဝေငှနေရာ ပွဲခင်းထဲသို့ ကသ္မာ–အဘယ့်ကြောင့်၊ မာတာကောသိနခေါ်–

မပုန်းအောင်းချင် ကြလေသနည်း။ မာပရာ ယနောသိ နခေါ်– မလဲလျှောင်းချင်

ကြလေသနည်း။ ကသ္မာ–အဘယ့်ကြောင့်၊ ဓမ္မသဿ ဆာယာယံ– ဓမ္မစကြာယာဉ်၏

အရိပ်ထဲသို့ မာလေကောသိနခေါ်– မခိုဝင် ချင်ကြလေသနည်း။

ကျမ်းစာအမှတ် (၁၇) အတွဲ -၃/၅

မဟာဗောဓိမြိုင်ဆရာတော်ဘုရား

စကြာရှင်

ကျမ်းစာအမှတ်(၁၇)
အတွဲ -၃/၅

အနန္တကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

## ဝနဝါသီဥဒေယျဓမ္မသာမိထေရ်

ရေးသားစီရင်တော်မူသည့်

# စကြာရှင်

(စက္ကဝတ္တိကထာ)

သာသနာ - ၂၅၅၇ ကောဇာ - ၁၃၇၅ ခရစ် - ၂၀၁၃

KoKo Latt(ShweMahar) မိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**နမော တေ ဗုဒ္ဓ ဝီရတ္ထု**

**(လေခကန္ဒနကထာ)**

**ကျမ်းစာအမှတ်- ၁၇၊ အတွဲ-၃/၅**

**အနန္တကျေးဇူးတော်ရှင်**

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

**ရေးသားစီရင်အပ်သော**

# စကြာရှင်

**( စက္ကဝတ္တိ ကထာ )**

**"ကျမ်းဖွဲ့စည်းမှု စာပေါင်းစု"**

*** ဂန္ထဝင်မင်း ကျမ်းစာရင်း**
**အလျှင်းမပါသည့် ။**
*** လောကခန်းဝါ ဓမ္မတာ**
**သူငါများစွာ၏ ။**
*** တစ်ခုမဟုတ် တစ်ခုဟုတ်**
**ဇာတ်ထုတ်ဇာတ်လမ်းရှိ ။**
*** မကောင်းပုံမျိုး ကောင်းပုံမျိုး**
**စုစည်းသည်မှာရှိ ။**
*** သုတများလို ညဏ်ပွားလို**
**ဤကို ဖတ်မှတ်ကြည့် ။**

**မဟာဗောဓိမြိုင်ဆရာတော်**

## မာတိကာ


- ကျမ်းဦးနိဒါန်း ၁
- စက်တပ်ယာဉ် ဝန်တင် အများသုံး ၃
- ကိုယ်တွေ့ရှာကြ လူ့ပါပ ကာမ အားကိုးရာ ၉
- စကြာယာဉ်ရသဖြင့် လောကကို တည်ဖန်လိုက်သောအခါ ၁၅
- ငြိမ်သက်အေးချမ်းမှုတို့ ပေါင်းစုထားသော လတို့၏ကမ္ဘာ ၂၅
- စကြာမင်း၏တန်ခိုး ကိုယ်တွေ့တိုးမိနေသော ထိုလူသား ၃၀
- ကိုယ်တွေ့ရှာကြ လူ့ဗာလ ဓမ္မအားမကိုး ၃၅
- လောကမှာ ငါသည်သာ အကြီးဆုံးအမြတ်ဆုံး အသာဆုံး ၃၈
- ကျင့်တုန်းကလည်းအများဖို့၊ ပွင့်တော့လည်းအများဖို့သာ ၄၀
- ဥယျာဉ်ခြံပိုင်ရှင်ကြီးများ၏လုပ်ထုံး ဓမ္မတာပမာ ၄၅
- အချိန်ဖြင့် ချိန်ထားသော ထိုဘုရား ၅၀
- ဆင်မဲတူ ဆင်ဖြူဖြစ်အောင် လုပ်လို့ရကောင်းရမည် ၅၇
- စက်နှစ်ခု နှင့် လူ့မနော ၆၆
- ဇဟိ လာလှည့်၊ ပဿိ ရှုလှည့် ဘယ်လိုပင် ဧည့်ခံရှိနေသော်လည်း ၇၁
- ကျမ်းပြီးနိဂုံး ၇၆
- ကျမ်းပေါင်းအားလုံး ကမ္ပတ်ဖုံး နိဂုံးချုပ်လိုက်ပြီ ၇၈

## ကျမ်းဦးနိဒါန်း
## (စက္ကဝတ္တိ ကထာ)

**ဓမ္မဿ စက္ကသာမိကော ဗုဒ္ဓေါ ပဿန္တောဝါ**
**အပဿန္တော ကေစိ။**
**ရဇ္ဇံပန စက္ကီရဇ္ဇောပတ္တံ သဗ္ဗေဝ ဝဿ မနုဂူဇနေ။**
**သောပထ ဗျေက ရဇ္ဇာနာမ ဗောဓိသတ္တော**
**ယေဝ နုခေါ နဇ္ဇော။**

**ဓမ္မဿ**-တရားတော်၏၊ **စက္ကသာမိကော**-စကြာရှင်ဖြစ်တော်မူပါသော၊ **ဗုဒ္ဓေါပန**-ဘုရားရှင်ကိုကား၊ **ကေစိ**-အချို့၊ **ပဿန္တော**- ကြည်ညိုကြ၏။ **ကေစိ**-အချို့ကား၊ **အပဿန္တော**-



မကြည်ညိုကြ။

**ရဇ္ဇံ** -မင်းအဖြစ်သို့၊ **ပတ္တံ** -ရောက်သွားသော၊ **စက္ကီရဇ္ဇောပန**-စကြာ ဝတေးမင်းကိုကား၊ **သဗ္ဗေဝ ဇနေ**-ကမ္ဘာ့မြေဆုံး လူအားလုံးတို့ကပင်၊ **ရဇ္ဇော**-စကြာမင်း၏၊ **ဝသံ**-အလိုကျ၊ **အနုဂူ**-အစဉ် လိုက်ပါကြရလေကုန်၏။

**သောပထ ဗျေက ရဇ္ဇာနာမ**-ဤစကြာမင်းအဖြစ်မည်သည်ကား၊ **ဗောဓိသတ္တော ယေဝနုခေါ**-ဘုရားအလောင်းတော်ကြီးပင် မဟုတ်လော။

**ဗုဒ္ဓေါ**-ဘုရားဟူသည်လည်း၊ **အဇ္ဇော**-စကြာမင်းထားတခြားသည်၊ **န**-မဟုတ်။ **ရဇ္ဇော**-စကြာမင်းဟူသည်လည်း၊ **အဇ္ဇော**- ဘုရားမှတစ်ပါး တခြား သည်၊ **န**-မဟုတ်။

**စက္ကဿ**-စက်၏၊ **ဝေ မတ္တောဝ**-ကွာခြား နေခြင်းမျှသာ။

❖

## စက်တပ်ယာဉ် ဝန်တင် အများသုံး

စက်(စက္က)၏ သဘာဝသည် လည်ပတ်မှုဖြစ်စေခြင်းပင် ဖြစ်ရာ ဓမ္မစက်ရှိ စက်သည်လည်းကောင်း၊ ကာမစက်၌ ရှိသော စက်သည်လည်းကောင်း စက်ဟူသော သဘောစုအားဖြင့် အတူတူပင်။

စက်သဘာဝချင်းတူသော်လည်း စက်ရှေ့ရှိ ဓမ္မ ကာမတို့ကြောင့် ထိုစက်နှစ်ခုတို့၏ သဘောသွားကား မိုးနှင့်မြေပမာ ကွာခြားရာ၏။ ဓမ္မစက်ကား မိုး၊ ကာမစက်ကား မြေ။

ဓမ္မစကြာကား ကိစ္စပြီး ဘုန်းတော်၊ ဉာဏ်တော်၊ တန်ခိုးတော်တို့ဖြင့် ပြုစီရင်ထားသောအရာဖြစ်ခြင်းကြောင့် ဤကမ္ဘာ ဤစကြဝဠာမျှမက သာမန်အားဖြင့် စကြဝဠာတိုက်တစ်သောင်း၊ အရေးပေါ်အားဖြင့် စကြဝဠာအနန္တအထိလည်း လှည့်လည်နိုင်၏။ ဘုံအားဖြင့် ဘဝဂ်၊ ဘဝအားဖြင့် ဂေါတြဘူ (ပုထုဇဉ်



အနွယ် ပြတ်တောက်ကျသည်အထိ)တိုင်အောင်လည်း သယ်ဆောင်နိုင်စွမ်းရှိ၏။ သို့မဟုတ် သုံးဆယ့်တစ်ဘုံနေရာအနှံ့။ သို့ကြောင့် ဤဓမ္မစက်ကား အားလုံးတို့အပေါ် ဖြန့်ကျက်လွှမ်းမိုးထားသော မိုးပမာသာ။

ကာမစကြာကား ကိစ္စမပြီး ခရီးသွားရင်းကပင် အလောင်းတော်တို့၏ ကံအရာချ မခံဖူးသောအရာ မရှိရအောင် မတွေ့ဖူးသော အတွေ့၊ မတွေးဖူးသော အတွေး၊ မလုပ်ဖူးသော အလုပ်၊ မပြောဖူးသော အပြောဟူ၍ (နည်းကျဉ်းကပ်သပ် ကိုယ်တွေ့ဇာတ် မခင်း မကျင်းဖူးသည်) မရှိရအောင် ရင့်မာတစ်ကျိပ်ခန်းတန်းမဝင်မီ ကာလများ၌ ဖြစ်ပွင့်သော ဘုန်း၊ ကံ၊ တန်ခိုးတို့ဖြင့် ပြုစီရင်ထားသော အရာဖြစ်ခြင်းကြောင့် ဘုံအားဖြင့် ဤလောက၊ ဤကမ္ဘာ၊ ဤစကြာဝဠာ တစ်ပိုင်မျှသာ လှည့်လည်နိုင်၏။ ဘဝအားဖြင့်လည်း ကာမ၊ မဟဂ္ဂုတ်၊ လောကုတ္တရာ သုံးဆင့်တို့တွင် ကာမမျှလောက်သာ သယ်ဆောင်နိုင်စွမ်းရှိ၏။ ကုသိုလ်အငွေ့အသက်ပါသော ကာမဖြစ်၏။

သို့ကြောင့် ဤကာမစက်ကား တစ်ပိုင်တစ်နိုင် လှည့်လည်သယ်ပိုးနိုင်သော အလတ်စား စက်မျိုးဖြစ်ရကား (ဘုန်းကံဖြင့် တစ်ပြည်ထောင်စိုး တရားမင်းမျိုးကား အငယ်တန်းစားဝင်) ပဒေသရာဇ် နေဝင်ဘုရင်တို့၏ တစ်စိတ်တစ်ဒေသပိုင် မြေပြင်



ပမာသာ . . .။

ဓမ္မစက်နှင့် ကာမစက် အာနုဘော်ချင်း ဤမျှ ကွာခြား၏။

သို့စဉ်လျှက် ကာမစက်ရိပ် ခိုလိုက်သူများကား ငါတို့တည်ရာ ဤကမ္ဘာအားဖြင့် ကမ္ဘာသားအားလုံး တိုက်လေးတိုက်ရှိ မြေအဆုံးတည်း။

ဓမ္မစက်ရိပ် ခိုလှုံလိုက်ပါကြသူများကား ကမ္ဘာချီ စကားပြောဖို့ နေနေသာသာ အရိယာတို့သာ ကိန်းပိုက်ရာဖြစ်သဖြင့် အရိယတိုက် အမည်တွင်သော အာရှတိုက်မှာပင် နေရာမနှံ့။ တစ်ဖန် လိုက်သူများသော်မှ အားလုံးအတည့်မထိုင်၊ မခိုင်မခံ့ ကန့်လန့်။ စက်နှစ်ပါး မည်သို့ ကွာခြားလေဘိသနည်း။

တစ်ဖန် ဓမ္မစက်ပိုင် ဘုရားရှင်ကား ယုံကြည်သူများအား ယုံလျှင်ယုံသလောက်ပင် အကျိုးခံစားခွင့်များကို ဘုံအားဖြင့်လည်း လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ၊ အရိယာဘုံများနှင့် ထိုဘုံရောက်လျှင် ခံစားရရာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ။ စည်းစိမ်အားဖြင့်လည်း ကာမစည်းစိမ်၊ ဘဝစည်းစိမ်များဖြင့် မွမ်းမံ ထားသော လောကီစည်းစိမ်၊ စျာန်စည်းစိမ်၊ ဉာဏ်စည်းစိမ်များဖြင့် ထုံမွမ်းထားသော လောကုတ္တရာ၏ဓမ္မစည်းစိမ်။ ထိုမျှအထိ ပေးစွမ်းနိုင်သော အနန္တစွမ်းအားရှင်ဖြစ်၏။

ကာမစက်ပိုင် စကြာဝတေးမင်းကား သူ့အရိပ်ခိုများကို ကံ ငါးပါးလုံခြုံစေသဖြင့် သတ်ခြင်း၊ အသတ်ခံရခြင်း စသည် ဒုက္ခမှ ကင်းလွတ်ရုံသာ တတ်နိုင်၏။ ထိုကံများကို လုံစေရာမှ ရေဝင်လာသည်ပမာသော မေတ္တာ ကရုဏာ ကိုယ်ချင်းစာ တန်းတူထားစိတ် လူတိုင်းဝယ် ကိုယ်စီ ကိန်းနေသဖြင့် နှလုံး စိတ်ဝမ်း အေးချမ်းရုံမျှ တတ်နိုင်၏။ ထိုအကြောင်းခံများမှ တစ်ဆက်တည်းတိုး အကျိုးအဖြစ် ဖြစ်ပွင့်လာသော ကိလေသာထု၊ အပူစိတ်ကြမ်း ကောင်းကင်အနှံ့ မပျံ့နှံ့ခြင်း၊ အပူမလွှန်သဖြင့် မိုးတိမ်များ သိပ်သည်းခဲကျစ် ရေခဲခာတ်အဖြစ်သို့ မရောက်တော့ခြင်း၊ မိုးသားတိမ်များ နေရာဖြန့်လျက် ကမ္ဘာမြေပြင်ပေါ်သို့ ဖျန်းပက်ပေးသောကြောင့် ရာသီမှန် နေရာမလပ် မိုးမှန်မှန် ရွာသွန်းခြင်း၊ မိုးမှန်မှန်ရွာသွန်းသဖြင့် သစ်ပင်တောတောင်များလည်း စိုပြေ(ပြည်)၊ ကောက်ပဲသီးနှံများလည်း ဖြစ်ထွန်းလာကြတော့ကာ ဒါနခန်း၊ သီလခန်းများပါ စည်ကားလာတော့၏။

ထိုအကျိုးဆက်များမှ ဆက်၍ဖြစ်ပေါ်လာသော နောက်တိုး အကျိုးများမှာ ပစ္စည်းဥစ္စာများ သူလည်းအပြည့်၊ ကိုယ်လည်းအပြည့် ဖြစ်နေကြ၍ ထိုခေတ် သူခိုး ဓားပြမရှိ။ အတွေးဖြင့် စိတ်ပျံ့စိတ်ပူများ ကလူခြင်းမရှိတော့၍ ထိုခေတ်ကြွင်းသော ကံချို့မှုများလည်း မရှိ။ ထိုမျှသာ တတ်နိုင်သော



ပဒေသ(ကန့်သတ်) စွမ်းအားရှင်မျှသာ။

သို့စင်လျက် ဓမ္မစကြာယာဉ်ထက် ကာမစကြာယာဉ်ဘက် တက်စီးသူများ ဘာကြောင့် များပြားနေရဘိသနည်း။

တစ်ဖန်. . . ထိုနှင့်တစ်ဆက်တည်း အတွေးပွားနေရသည်မှာ ကာမစကြာရှင် ခေါ် စကြာဝတေးမင်းလည်း ဤဘုရားဖြစ်မည့်အလောင်းတော်ပင်။ ဓမ္မစကြာရှင်ခေါ် ဤဘုရားသည်လည်း စကြာဝတေးမင်းမှ ဖြစ်လာသော ဘုရားပင်။

သို့စဉ်လျက် ဘုရားမဖြစ်မီက တစ်ကမ္ဘာလုံးက သိမ့်သိမ့်အုံးအုံးလည်း ကြိုဆိုကြ၏။ ပူဇော်ကြ၏။ ဩဝါဒသံကိုလည်း နာခံကာ လိုက်နာကြ၏။ ဘုန်းရိပ်၊ ကံရိပ်ကြားသို့လည်း ထိုကမ္ဘာသား အားလုံးပင် လိုလိုလားလား ခိုလှုံလာကြ၏။

ဘုရားဖြစ်သော ကာလတွင်ကား တစ်ကမ္ဘာလုံး မဆိုထားဘိ၊ တိုက်တစ်တိုက် ပြည်တစ်ပြည်တို့၏ တစ်တိုက်လုံး တစ်ပြည်လုံးလုံးပင် မခိုလှုံကြချင်။ တစ်ပြည်လုံးမဆိုထားပါနှင့် မိသားတစ်စုလုံးသော်မှလည်း တစ်ညီတည်း တစ်ညွတ်တည်း မခိုဝင်ကြချင်။

စက်နှစ်ပါး မည်သို့ကွာခြားလေဘိသနည်း။

ဤရေးရာများ ငါတို့၏အတွေးမှာ ပေါ်လာနေပါ၏။ ပညာရှင်တို့အား မေးမြန်းတီးခေါက်လိုသော ဆန္ဒဖြစ်ပေါ်လာ၏။ အကျိုးမထူးသောအရာ ဖြစ်နေ၍လည်း မမေးလိုပြန်။



သို့ကြောင့်. . . အများတို့လည်း ငါတို့ကဲ့သို့ပင် အတွေးအခေါ်များ တွေးခေါ်လာကြပြီး၊ ငါတို့နှင့်အတူပင် အတွေးဖြင့်ခေါ်၍ ထိုအတွေး ဖော်ယူရန် ကထာဖြင့် ဤသို့ တန်ဆာဆင်မိခြင်းပင်။

ထိုသို့ အတွေးဖြင့်ခေါ်၍ အတွေးကိုဖော်ရာ၌ ဤကမ္ဘာလောကတွင်းရှိ လူတို့၏စိတ်တွင်းထား(ကိုယ်တွင်းထား) သဘာဝများဖြစ်ကြလေသော ဉာဉ်၊ စရိုက်၊ ဝါသနာအကြောင်းတို့ကို အဓိကထား၍ တွေးခေါ်သင့်ကြ၏။

တစ်ဖန် ထိုထိုလူသားတို့ စိတ်တွင်း ကိုယ်တွင်းများရှိ မျိုးရိုးဗီဇ၊ ၎င်းတို့၏ နိယာမကိုလည်း ဒုတိယအဓိကထား၍ တွေးခေါ်သင့်ကြ၏။

ထိုအမှီခံ လူသားများအပေါ် လွှမ်းလာသုံးသပ်သည့်နည်းတူ မှီရန် ဓမ္မစကြာရှင် ဘုရား၏သဘာဝတရား သဘောထားများကိုလည်း တွေးခေါ်ကြည့်သင့်ကြသေး၏။ မှီရန် ကာမစကြာရှင် စကြာမင်း၏သဘာဝတရား သဘောသွားများကိုလည်း တွေးခေါ်ကြည့်သင့်ကြသေး၏။

ထိုအားလုံး သိမ်းရုံး၍ အတွေးဖြင့် ခေါ်ယူကြည့်ပါမူကား အကျိုးတရားတို့မည်သည် အကြောင်းနှင့်ကင်း၍ မဖြစ်စကောင်းဟူသော ဘုရားရှင်၏မိန့်ခွန်းတော်နှင့်အညီ၊ ထိုအကျိုးပေါ်ထင်

လာမှု၏ အကြောင်းစုသည် တစ်ခုချင်း ထွက်၍ ရှင်းပြလာတော့မည်။

လောကမျက်မြင်ရှိ အကောင်းတို့သည် သူ့သဘာဝအတိုင်း သူ့သဘော သူဆောင်ကာ ကောင်းနေခြင်းများသာ ဖြစ်သောကြောင့် အကောင်းသည် အကောင်းသာ။

ထိုအကောင်းကို အကြောင်းခံအဖြစ်ထား၍ အကောင်းလိုက်စားကာ အကျိုးဖော်ရာ၌ကား ညဉ်မတူ၊ စရိုက်ကွဲ အကြည့်ချင်း အမြင်ချင်း လွဲနေကြသော လူသားများပီပီ၊ အကြိုက်ချင်းလည်းမတူ၊ အလိုက်ချင်းလည်းမတူ၊ အပိုက်ချင်းလည်းမတူ မတူဟူသောအဖြေသည် . . . သင်သည်လည်း သင့်ဖြစ်စဉ်ဖြင့် ညို၍ကြည့် သိနိုင်လောက်၏။ ငါသည်လည်း ငါ့ဖြစ်စဉ်နှင့် ညို၍ကြည့် သိနိုင်လောက်ပါ၏။

❖

## ကိုယ်တွေ့ရှာကြ လှူပါပ ကာမ အားကိုးရာ

စကြာရတနာကို တောင့်တ၍ အဓိဋ္ဌာန်ဝင်ရာ၌. . . နဝင်္ဂသီလခေါ် ကိုးနဝင်းကိုက်သီလသည်လည်း တစ်ခုအဝင်အပါဖြစ်၏။



ကိတ်ပြိုဟ်ခေါ် နဝင်းသည် ကျန်ပြိုဟ်ရှစ်လုံးတို့၏ အကြီးအမှူးဖြစ်ရာ တစ်လောကလုံးအပေါ် အကြီးအမှူးအဖြစ်ဖြင့် ဦးဆောင်သော ဘုရားရှင်သည်လည်း ဂုဏ်နဝင်းကိုဆောင်၏။ ဘုရားသာဝကများဖြစ်ကြလေသော သံဃာအားလုံးလည်း ဤဂုဏ်နဝင်းကိုပင်ဆောင်၏။ ဤကမ္ဘာမြေပေါ်ဝယ် အကြီးအမှူး အဖြစ်ဖြင့် ဦးဆောင်ရမည့် စကြာဝတေးမင်းသည်ကား ထိုနဝင်းကို ဂုဏ်အထိမပွင့် သီလအဆင့်ဖြင့်သာ (အကျင့်ဖြင့်သာ) ဆောင်ယူပါ၏။ နဝင်းကားအတူတူ။ အဟုတ်ဂုဏ်နှင့် လုပ်ဂုဏ်မျှသာကွာ၏။

စကြာမင်းလောင်း ဆောက်တည်ကျင့်သုံးရသော ထိုနဝင်္ဂသီလ၌ပင် စကြာမင်းဖြစ်ထိုက်ရာ၏ ဘုန်း(ပုညမှဖြစ်သော ပုဉ်း) သမ္ဘာများ အထင်အရှား ပါရှိနေပြီးသားပင်။

နဝင်္ဂတွင် အစရှစ်ပါးကား ကိုယ်ကျင့်သီလ၊ အဆုံးတစ်ပုဒ်ကား စိတ်ကျင့်သီလ။ ထိုသို့နှစ်မျိုး ပူးတွဲပါဝင်နေချေရာ အဆုံးရှိ

**“မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟာရဏံ သမာဒိယာမိ-**

မေတ္တာစိတ်ဖြင့် သတ္တဝါအားလုံးအပေါ် ဖြန့်ကျက်လျက်က နေထိုင်ခြင်းကို တည်ဆောက်ပါ၏။”



ထိုစိတ်ထား ထားကတည်းကပင် . . . ပေးလှူခဲ့ဖူးသမျှထဲမှ တိဟိတ်ဒါနအကြောင်းခံကို ဖော်ထုတ်နေခြင်းပင် ဖြစ်တော့သည်။ ဆောက်တည်ခဲ့ဖူးသမျှထဲမှ သတိ၊ အသိညှပ် သီလအကြောင်းခံကို လှန်၍ အကျိုးဖော်ထုတ်နေခြင်းပင် ဖြစ်တော့သည်။

စကြာမင်းလောင်း ဖြစ်ထိုက်သူကလည်း တိဟိတ်ပုဂ္ဂိုလ်ဖြစ်နေသောကြောင့်တည်း။ စကြာရတနာ စသည်များကလည်း တိဟိတ် အကြောင်းခံထဲမှသာ ဖော်ထုတ်ယူရသောကြောင့်တည်း။

ဤ၌ တိဟိတ်ဒါနကို ဦးစွာစိစစ်သင့်၏။ တိဟိတ်ကုသိုလ်ခေါ် အကြောင်းခံ သုံးချက်ကောင်းများဖြင့် ပြုခွင့်ရ ဒါနတွင် . . . **သောမနဿ**- ကိလေကင်းစင် အနည်မပါသော ရေစင်ပမာ စိတ်ကြည်ရှိနေခြင်း၊ **ဉာဏသမ္ပယုတ်** - သတိ အသိကပ် စိတ်တွင်းရှိ တိရစ္ဆာန် ညဉ် ဇာတ်ကိုသတ်ဖြတ်နေခြင်း၊ **အသင်္ခါရိက** - စေတနာထက်မြက်စေခြင်း ဂုဏ်သတ္တိကို သွင်းပေးလိုက်ခြင်းသုံးမျိုး။

ယင်းတို့ကိုထောက်ဆ၍ ထိုဒါန(ထိုသီလ)မျိုးသည် ကိုယ်ချင်းစာ ခြောက်ခန်း၊ မေတ္တာလည်း ကန်းစေသော ညဉ်ရိုင်းတို့ကိုကားမြှုပ်၊ ကိုယ်ချင်းစာပြည့်လျှမ်း၊ မေတ္တာလည်းမခန်းသော

လူ့ညဉ့်ကောင်း တို့ကိုသာ ဖော်ထုတ်ထားကြောင်း သိနိုင်သည်။ သို့မဟုတ် . . . အချင်းချင်းပျက်စီးစေမည့်အရာကို အချင်းချင်း ကောင်းစား ချမ်းသာစေမည့် အရာဖြင့် အစားထိုးခြင်း။

တစ်ဖန် သတိ၊ အသိညှပ် သီလတွင် ရတနာ့ဂုဏ်ဘက် စိတ်ကို စားကျက်ပေးထားပြီး ဓမ္မဂုဏ်တွင်း၌သာ စိတ်ကိုထိန်းကျောင်းထားခြင်း၊ ဓမ္မဂုဏ်တွင်းရှိ သူ့ဆိုင်ရာ သူ့သတ္တိများ အပေါ်၌သာ စိတ်ကျက်စားတော့ခြင်း၊ ထိုသို့ ကျက်စားနေသဖြင့် သူ့ဆိုင်ရာရှိ သူ့သတ္တိတို့၏သဘောနှင့် သဘာဝအထိ ထိုးဝင်ကာ သိသိနေတော့ခြင်းများကြောင့် ကာမအာရုံပြု၍ ဖြစ်လေ့ဖြစ်ထရှိသော ရယူလိုခြင်း ဆန္ဒ၊ ချစ်ခြင်း ပေမ၊ တပ်မက်ခြင်း ရာဂတို့ မထကြွတော့ရကား . . . မေတ္တာ စသည် မြတ်သောသဘောများ အလိုလိုပင် နေတော့သည်။

စိတ်ဖြစ်ရာဂ နှုတ်ဖြင့် ပိတ်ဆို့နည်း၊ ထိုသူကျန်းမာပါစေ ထုတ်ဆိုရန် မလိုပြီ။ စိတ်ဖြစ်ဒေါသ နှုတ်ဖြင့်ပိတ်ဆို့နည်း၊ ထိုသူ ချမ်းသာပါစေလည်း ဆိုရန် မလိုပြီ။

စကြာရတနာဆိုက်ထိုက်သော စကြာမင်းလောင်း၏ အတိတ်က သိုမြှုပ်ထားခဲ့ပြီးသော ပါရမီရိက္ခာထုပ်များထဲတွင် ထိုဒါန ထိုသီလမျိုး တင်းတင်းပါနေ၏။ စကြာရတနာ လည်ပတ်စေရာတွင် အဓိက ပါဝင်ရသော ကံအရာဝင် ထိုဒါန ထိုသီလ မပါလျှင် ယင်းစကြာကား တည်ဖို့လည်းမမြင်၊ လည်ဖို့လည်း



မမြင်။

စင်စစ် ထိုစကြာရတနာ ဆိုက်တည်ခြင်း လည်ခြင်းတို့ကို ရာဂ ဒေါသများ၏ ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာ၊ ထိုမေတ္တာမှ ခွဲဝေဖြာထွက်လာသော မိမိကောင်းစားသလို အများလည်း ကောင်းစားစေတော့ဟူသော စေတနာတို့ဖြင့် မိမိခံစားခွင့်ရ ကံရိက္ခာထုပ်များကို ဖြေချ ပေးကျွေးခြင်း ဒါန၊ မိမိချမ်းသာသလို အများလည်း ချမ်းသာစေတော့ဟူသော စေတနာတို့ဖြင့် သူတစ်ပါး ခံစားခွင့်ရ ကံ ရိက္ခာထုပ်များကို သတ်ဖြတ်လုယက် စသည်အားဖြင့် မဖျက်ဆီးခြင်း သီလ၊ ထိုမေတ္တာ ကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံတို့ဖြင့် ပြုစီရင်ထားသော ဒါန၊ သီလများကသာ စွမ်းဆောင်သာ၏။ အခြားဖြင့် မလည်ပတ်စေနိုင်။

စကြာရတနာကို တည်ဆောက်ခြင်း၊ လည်ပတ်ခြင်းများကို ဖြစ်စေသော ထိုတိဟိတ်ဒါန၊ တိဟိတ်သီလတို့၏ ဓာတ်သတ္တိများကို ထုတ်ယူရန်မှာ ဤမေတ္တာစိတ် အထွင်္ခုတပ်ထားသော နဝင်္ဂ သီလ မှတစ်ပါး အခြားမရှိပြီ။ သို့မဟုတ် နဝင်္ဂသီလဖြင့် ရှေးဘုန်း ရှေးကံ (ဒါနသီလကံ)များကို ထုတ်ယူ၍ စကြာတည်ဆောက်ခြင်း။

လူသားတိုင်း၏ အာရုံသည် ကာမဂုဏ်၌သာတည်၏။ လူသားတိုင်း၏အားကိုးခြင်းသည်လည်း ကာမခံစားရာ၌



လုံခြုံရေးပင်ဖြစ်၏။

ထိုကာမအာရုံ၌ ခုံမင်နေကြသူများသည် မိမိ၏ အတွင်းကြား စိတ်မဝင်စားခြင်း၊ သူတစ်ပါးအတွင်းထား မစဉ်းစားခြင်းများနှင့်အတူ ပြင်ပအပြ အရိပ်ကျလောက်သာ မေးတင်ထားတတ်ကြရာ ပညတ်ဖြင့်သာ လမ်းဆုံးနေကြတော့၏။ ကာမအာရုံတို့၏အနှောက် စိတ်ခလောက်ခြင်းကြောင့်လည်း အတွင်းသဘာဝအကြောင်း အလျှင်းပင် မသိကြတော့။

ထိုသို့သော အပုပ်ကြိုက်ယင်ပမာ မကောင်းကြား ခေါင်းထားသူများသည် စိတ်တွေ့ထက် ကိုယ်တွေ့ကို ပို၍ နှစ်သက်ကြ၏။ မျက်မြင်အရာဖြစ်သဖြင့် ပို၍လည်း အယုံထက်ကြ၏။ ရှေးခေတ် ရဲစွမ်းသတ္တိအရာ လက်တွေ့ပြလာသော သတ်ရဲသည်၊ ဖြတ်ရဲသည်ဆိုသော လူစွမ်းကောင်းတစ်ယောက်တွေ့က ငါတို့ကို ကာကွယ်နိုင်သူအဖြစ် တစ်ခဲနက် ယုံကြည်လာကြတော့ကာ အားကိုးခြင်းနှင့်အတူ မင်းမြှောက်ခြင်း၊ ရတနာဆက်သခြင်းများက၊ ‘ကိုယ်တွေ့ဆို ပုံယုံ’ဟူသော ထိုစကားကို သက်သေခံလျက်ကရှိချေပြီ။

ကာမစကြာရတနာသည် သင်္ခါရစုတို့တွင် ကံသင်္ခါရစုဖြင့် တည်ဆောက်ထားရာ ဖြစ်ခြင်းကြောင့် လက်ဖြင့်လည်း စမ်းကြည့်၍ ရစကောင်း၏။ မျက်စိဖြင့် ကြည့်၍လည်း မြင်စကောင်း၏။ ထိုကံ သင်္ခါရသည် ကာမကို အားတိုးပြခြင်း၊ အားကိုးရခြင်း သတ္တိ

ရှိရာ ထိုစကြာရှင်မှ အားမကိုး၊ မည်သူ့အားကိုးပါအံ့နည်း။

❖

## စကြာယာဉ်ရသဖြင့် လောကကို တည်ဖန်လိုက်သောအခါ

စကြာမင်းလောင်းသည် . . . မေတ္တာဖြင့် စိတ်ကို ဖြူစင်စေခြင်း၊ ကရုဏာဖြင့် ကိုယ်(နှုတ်)တို့ကို ဖြူစင်စေခြင်းများ ပြုလုပ်ကာ ဥပုသ်ဆောင် ဝင်၏။ စိတ်ဖြူစင်သည်နှင့် စကြာရတနာ ဆိုက်လာ၏။ ကိုယ်(နှုတ်) ဖြူစင်သည်နှင့် မိဖုရားစသည် ရတနာများ ဆိုက်ရောက်လာ၏။

သတိ အသိတို့ အခြံအရံဖြင့် စိတ်ကိုဖြူစင်ခြင်း၊ စည်းလုံးခြင်းပြုလေရာ ထိုစိတ် ဖြူစင်ခြင်း၊ စည်းလုံးခြင်း၊ တစ်ခဲနက် သိပ်သည်းခြင်း အပြည့်ရှိလေမှ အတိတ်ကံ ဒါနထုပ်၊ သီလထုပ်များ မြှုပ်နှံထားရာဆီသို့ တည့်မတ်ခြင်း၊ လျင်မြန်ခြင်း အဟုန်တို့ဖြင့် ထိုးဖောက်နိုင်စွမ်းရှိမည်။ သို့မဟုတ်က မထိုးဖောက်နိုင်။ ထိုအတိတ်ကံ ရိက္ခာထုပ်များနှင့် ယခု အဓိဋ္ဌာန်စုတို့အကြား တိရစ္ဆာန်ဘဝများစွာဖြင့် ယုတ်ညံ့သော အလုပ်မျိုးစုံတို့ကို ပြုကျင့်ထားခဲ့ရာ၊ မဲမှောင်သော ကံညစ်ထုကြီးကို ထိုးဖောက်၍ ယခုနှင့် အတိတ် အချိတ်အဆက်မိရန် ဆိုသည်မှာ သာမန်သီလ၊ သာမန်



အဓိဋ္ဌာန်၊ သာမန်ကံဖြူစုဖြင့် မရနိုင်သည်ကို သတိပြုရမည်။

ယခုသော် စိတ်ဖြူစင်ရုံမျှမက တောက်ပလာပြီဖြစ်သောကြောင့် . . . စကြာရတနာနှင့်တကွ ထိုက်ရာရတနာများပါ လိုက်ပါကာ ဆိုက်လာပြီဆိုပါစို့။

ထိုအခါ သူကောင်းပြု မင်းအဖြစ် နန်းစံကာ အုပ်ချုပ်ရပါတော့မည်။ နန်းစည်းစိမ်များကိုလည်း စိတ်နှလုံးအလို တောင့်တတိုင်း ပြီးစီးစေသော ဝသဝတ္တီနတ်မျိုးနွယ်ပမာ ခံစားခွင့်ရလာစေပါသည်။

ထိုစကြာမင်း ဘယ်မှာ အလုပ်ဆင်းမည်နည်း။

ကာမအာရုံခင်း လိုသလို ကွင်းဆင်းခြင်းမှတစ်ပါး သူ့မှာ အခြားအလုပ် မရှိတော့ပြီ။ ဒါန သီလခေါ် ကံကုသိုလ်တို့၏ အလုပ်သည် ထိုမျှသာ အကျိုးပေးသောကြောင့်တည်း။ တစ်ဖန် စကြာမင်း၏ ထိုဒါန၊ ထိုသီလတို့၏ အရှိန်အဟုန်ပြင်းလွန်းခြင်းကြောင့်လည်းကောင်း၊ အေးမြသောသတ္တိ၊ ဖြူစင်သောသတ္တိများ ထက်လွန်းခြင်းကြောင့်လည်းကောင်း သူ့တွင်မက သူနေရာ ဤကမ္ဘာလောကကြီး တစ်ခုလုံးရှိ လူနှင့်သတ္တဝါအားလုံးတို့၏ အပေါ်၌ပင်. . . မိုးကောင်းမိုး၏ လွှမ်းမိုးရွာသွန်းခြင်းပမာ အားလုံး အေးစိုစေပါသည်။ ကောင်းကင်လ၏ ထွန်းပခြင်းပမာ အားလုံး အေးမြသာယာစေပါသည်။



သို့ကြောင့် ထိုစကြာမင်း ရှိနေသမျှ ကာလပတ်လုံး အချင်းချင်း သတ်ဖြတ်ညှင်းဆဲခြင်း ကင်းဝေးခြင်းနှင့်အတူ ကံငါးပါးလုံးလည်း လုံခြုံနေကြ၏။ အငြင်းအခုန် အခိုက်လည်း ကင်းဝေးနေကြ၏။ သို့ကြောင့် တရားစီရင်ရေးဖြင့် အုပ်ချုပ်ရန်လည်း မလို။

တစ်ဖန် စကြာမင်း၏ဒါနအား သီလအားများကလည်း အထွက်တိုး သန်လွန်းသောကြောင့်လည်းကောင်း၊ ပစ္စုပ္ပန်ကံတိုက်သလောက် အတိတ်ကံ အလိုက်ပြင်းနေသောကြောင့်လည်းကောင်း၊ ကံအကျိုးပေး၏ စည်းစိမ်များ သူ့တွင်မက သူနေရာ ဤကမ္ဘာလောကကြီး တစ်ခုလုံးရှိ လူနှင့်သတ္တဝါအားလုံးတို့၏ အပေါ်၌ပင်. . . စမ်းချောင်းဘေးရှိ စမ်းရေကျင်းသည် ထွက်အားကောင်းလွန်းလှသဖြင့် သူ့တွင်မျှမက သူ့ဘေးရှိချောင်းတွင်းတစ်လျှောက်လုံး အထိပင် စီးဆင်း ပြေးဆော့နေသည်ပမာ ကမ္ဘာ့ပြည်သူအားလုံးတို့ပါ ဝပြောသာယာစေပါသည်။

သို့ကြောင့် ထိုစကြာမင်း ရှိနေသမျှ ကာလပတ်လုံး တောင့်တကင်းစွာဖြင့် စီးပွားဥစ္စာများ ဖြစ်ထွန်းလာနေကြပြီးကြောင့်ကြမဲ့ဖြင့်ပင် ထိုဥစ္စာစည်းစိမ်များကို ခံစားခွင့်ရရှိနေကြတော့၏။ သို့ကြောင့်လည်း ထိုစကြာမင်း စီးပွားရေးရာ အခင်းစီမံရခြင်း အလျှင်းမရှိ။

ထိုမှရသော အားလပ်ခွင့် အခွင့်ရေး ထိုစကြာမင်း အဘယ်ကို အသုံးချမည်နည်း။

တစ်ဖန်လည်း ထိုစကြာမင်း၏ ဒါနစု သီလစု ကံများမှ ပွင့်ပေါ်လာသော ဘုန်းတန်ခိုး အာနုဘော်များကြောင့် ကမ္ဘာ့မြေ အပြင်ရှိ လူသားအားလုံးတို့လည်း စိတ်နှလုံး အလို တောင့်တ တိုင်း ပြီးစီးနေကြတော့ရာ ကံစည်းစိမ် ခံစားခြင်း၊ ကံပေးသမျှ အလုပ်ကိုသာ လုပ်ရတော့ခြင်းများဖြင့် အချိန်ကုန်ဆုံးကြရသည်။

စင်ကြယ်သောဒါန၏ အရှိန်သတ္တိ မှုတ်လွှင့်အားသည် တောင့်တခြင်းကို ကင်းဝေးစေနိုင်၏။ စင်ကြယ်သော သီလ၏ အရှိန်သတ္တိ မှုတ်လွှင့်အားသည် ကြောင့်ကြခြင်းကို ကင်းဝေး စေနိုင်၏။ ထိုကံစု ပြုကတည်းက လောဘ သောက ကြားဝင်မခံ၊ စေတနာအရင်းခံ ကံမျှ ပြုစုထားခြင်းကြောင့်။

ထိုစကြာမင်းသည်လည်းကောင်း၊ ထိုကမ္ဘာသူ ကမ္ဘာသား များသည်လည်းကောင်း ထိုတောင့်တကင်း၊ ကြောင့်ကြကင်း၊ အကြောင်းရင်းကို အရင်းတည်၍ ဉာဏ်ပစ္စက္ခ၌လည်း အတိတ်မြုပ် ကို စုပ်၊ အနာဂတ်အဖို့ဆို မြုပ်သည့်ပမာသော ကံသစ်များ ထပ်မံ ပြုကျင့်ခြင်းဖြင့် အချိန်ကုန်လွန်စေသည်။

စကြာမင်းကြီးသည် ပစ္စေကဗုဒ္ဓါတို့ကို ဆွမ်းလောင်းခြင်း၊ ဆွမ်းပင့်ကပ်ခြင်းများဖြင့် အတိုးအညွန့် ခံစားနေရာအကြားမှ တစ်ဖန် ကံသွင်း အရင်းမြှုပ်ခြင်းအမှု ပြုနေပါ၏။

ကမ္ဘာသူ ကမ္ဘာသားများသည်လည်း တူသောခန္ဓာ၊ တူသောအကျင့်တို့ဖြင့် ကာမကြဉ်ဖယ် သူတော်စင်တို့နယ်ပယ်၌



နေကြကုန်သော ပရိမ္ဘာဇက(ပရိဖိုလ်) အမည်ခံ အိမ်ရာမထောင် လူ့ဘောင်မှထွက် ကံကြီးဆက်များအား လိုအပ်ရာရာများဖြင့် ပြုစုလုပ်ကျွေး ကံသစ်မွေးလျက်ကသာ . . . ။

တစ်ဖန် စကြာမင်းကြီးသည်လည်းကောင်း၊ ကမ္ဘာသူ ကမ္ဘာသားများသည်လည်းကောင်း တစ်လလျှင် ရှစ်ကြိမ်ကျ (အဖိတ်-ဥပုသ်)ဖြင့် ဥပုသ်ဆောင်ဝင်ကြကာ၊ အတိတ်သီလနှင့် ဆက် အနာဂတ်အထိ တိုးတက်စေသော အဋ္ဌင် နဝင်သီလတော် များ ကျင့်သုံးလျက်ကသာ. . . ။

ထိုမှကြွင်းသော အချိန်ကာလပိုင်းတို့သည်ကား ကံတိုးရ ကာမစည်းစိမ်များ ခံစားနေရုံမှတစ်ပါး အခြားအလုပ်ဟူ၍ ဘာတစ်ခုမျှ မယ်မယ်ရရ မရှိကြပြီ။

စကြာမင်းကြီးသည် . . . ယင်းအတိတ်ကံပြုစုစဉ်က မကွေမကွာ လိုက်ပါ ဖြည့်စွက်ပေးခြင်း၊ မငြိုမငြင် ပါဝင်ပြုလုပ် ပေးခြင်းရှိသူ နတ်ဆက် စကြာဒေဝီ မိဖုရားကြီးနှင့်တကွ ယင်း အတိတ်ကံ ပြုစုစဉ်က စေတနာတူ ဆန္ဒတူအားဖြင့် အလုပ်ကူ အားပေးခြင်း၊ အစားကူ အားပေးခြင်းရှိကြကုန်သော သူတို့ကား အရံမိဖုရားများအဖြစ် စုဝေးရောက်လာကြရာ မိဖုရားများကား စုံလင်လှစွာ၏။ ရှိသမျှသော ကမ္ဘာ့အလှမယ်များ အားလုံး နီးနီးဖြင့် ခြယ်လှယ်ထားသော စကြာမင်းကြီး၏ကံစည်းစိမ်ပင်။

ထိုကံစည်းစိမ်ခံစားခြင်းကို နေ့ဖြင့် ညဖြင့် အချိန်ခွဲရ၏။



ထိုနေ့နှင့်ည အကူးတွင်ကား မဏိရတနာ(ရတနာ့ဂူဏ်) အာရုံယူခြင်း ဖြင့် နေ့အဖို့ ညအဖို့က ကုန်သွားသော မေတ္တာအားများနှင့်တကွ ကုသလ ကမ္မပထအားများကို ၎င်းတို့၏နယ်ကူးအကြား အကြား တို့၌ အားဖြည့်ရရှာ၏။ နေဝင်သွားပြီ၊ နေ့အာရုံခံစိတ် စာရင်းပိတ် လိုက်ပြီ။

ထိုစဉ် . . . ကိုယ်တော်တစ်ပါးတည်း မဏိရတနာ အာရုံယူရာ ဘုံနန်းပြာသဒ်၏ အထက်ဆုံးအထပ်သို့ တက်ရောက်တော်မူကာ ပူသွားသောစိတ်ကို အေးစေရ၏။ လှုပ်သွားသောစိတ်ကိုလည်း ငြိမ်စေရ၏။ ပျံ့သွားသော စိတ်ကိုလည်း ပြန်လည်စုစည်းပေး ရ၏။

ထိုသို့ စိတ်ပြုပြင်ရန် တက်ရောက်လေသောအခါတိုင်း မိမိအာရုံခံစားရာ အထပ်မှ အထက်ဘုံမြင့်သို့ တက်မည်အပြု ထိုခံစားရာအထပ်၌ အခြေတည်ထားသော လှေကားခုံ၏ လှေကားထစ်နှင့် လက်ယမ်းတိုင်သို့အရောက်တွင် လက်ယာ လက်ဖြင့် လက်ယမ်းဦးတိုင်ရာ လှေကားတိုင်ထိပ်ကို ကိုင်လျက်က လက်ယာဖဝါးတစ်ဖက်ဖြင့် လှေကားခုံ၏ပထမအထစ်ပေါ် ခြေတော်တင်လျက်က . . .

“ဟယ်. . . ကာမဝိတက် သင် သည်နေရာမှာ နေရစ်ခဲ့တော့။” “ဟယ်. . . ဗျာပါဒဝိတက် သင်လည်း သည်နေရာမှာ ပင် နေရစ်ခဲ့တော့။” “ဟယ်. . . ဝိဟိံသဝိတက် သင်လည်းပဲ

သည်နေရာမှာပင် နေရစ်ခဲ့တော့။” “ယခု ငါသွားမည့် (တက်မည့်) နေရာသည် သင်တို့နှင့် ထိုက်တန်သော နေရာမျိုးမဟုတ်။ ဖြူစင်မြင့်မြတ်သော အရိယာတို့ နေရာမျိုးသာ ဖြစ်ချေတော့၏။ သို့ကြောင့် သင်တို့အားလုံး သည်နေရာမှာပင် နေရစ်ခဲ့ကြဦး။”

သည်သို့ပင် သက်ရှိလူသုံးဦးကို အမိန့်ပေး၍ နှင်နေသည် ပမာသော အာဏာသံ အမိန့်တော်ပြန်ဖြင့် ကြိုက်အာရုံများ အပေါ် ရစ်ဝဲတွေး တွေးပေးတတ်သော ကာမဝိတက်။ ထိုကြိုက် အာရုံများ မမိလိုက်မည်ကို စိုးရိမ်တွေး တွေးပေးကာ သွေးထိုး တတ်သော ဗျာပါဒဝိတက်။ ထိုနှစ်ချက်တို့ကြောင့် သွေးတက်လာ တော့ကာ အာရုံချင်း ဖက်သတ် လုံးထွေးရာမှ သူပျက် ကိုယ်ပျက် ကံရုပ်ကလေးများ ပျက်ရန်ကို အကြံထုတ်ပေးကာ ကံချင်းတိုက်၍ မိတ်လိုက်စေသော ဝိဟိံသဝိတက်။ ဤမနောတိုး အဆိုးဝိတက် သုံးမျိုးတို့ကို မာန်ငေါက်ထားခဲ့ရသည်ဆို၏။

ထို့နောက် တခဏမျှ မျက်စိစုံမှိတ်၊ ရတနာ့ဂုဏ် အာရုံ ယူစိတ်ဖြင့် စိတ်ကိုလည်းချွေးသိပ်၊ ဝိတက်ဆိုးများမှလည်း တိတ်ဆိတ်စေပြီးမှ အထက်ဘုံသို့ တက်ရောက်ခဲ့၏။

မေတ္တာသည်. . . အရာအားလုံး၌ ကိုယ်နှင့်အမျှထားကာ ဆက်ဆံခြင်းဖြင့် သူ့သတ္တိစွမ်း ထမ်းပြလေ့ရှိ၏။ ဖို,မအရာ၌ကား ဖခင်က ကိုယ့်သမီးအပေါ်(မိခင်က ကိုယ့်သားအပေါ်) ထားလေ့ ရှိသော စေတနာမျိုးဖြင့် သူ့သတ္တိစွမ်း ထမ်းပြလေ့ရှိ၏။ သို့ကြောင့်



ထိုမေတ္တာ၏ ဆန့်ကျင်ဘက်ရန်သူသည် ကာမရာဂ-သူ့ အပေါ် ပြစ်မှားစိတ်ဖြင့် လိုလားတပ်မက်နေတော့ခြင်း၊ ဗျာပါဒ-သူ့အပေါ် ပြစ်မှားစိတ်ဖြင့် ကိုယ်လိုသလို မရမည်ကို စိုးထိတ်နေခြင်း၊ ဤနှစ်ပါးသည် ရန်သူလက်ရင်းဖြစ်ပြီး ထိုနှင့်တွဲလေ့ရှိသော နိမ့်ကျသူ၌ သဝန်တိုခြင်း၊ မြင့်မားနေသူ၌ မနာလိုခြင်း၊ တန်းတူ၌ ယှဉ်ပြိုင်လိုခြင်းများပါ ပါ၏။

ထိုစကြာမင်းကြီး၏မေတ္တာ၌ကား ရန်သူသည် မိဖုရား ကာမတို့မှ ထ၍ဖြစ်လေ့ရှိသော ကာမရာဂ ဗျာပါဒနှစ်ပါးမျှသာ ဖြစ်ပြီး ဝိတက်ဆိုး သုံးမျိုးတို့ကလည်း ထို၏ သွေးထိုးမျှသာ။ မေတ္တာရန်ဘက် ယင်းအချက်ကို အထက်ဘုံတက်၍ ပယ်ဖျက် သည်။

မေတ္တာအရှိန်ဖြင့် ပြုစုထားသော ဒါနမှု၊ သီလမှု ထိုကံစုတို့ ကို အသက်သွင်း၍ စက်ရတနာ လည်ပတ်နေရရာ စကြာမင်း ၏ အသက်သည် မေတ္တာပင်တည်း။

ဤသို့ဖြင့် စကြာမင်းကြီးသည် နေ့အာရုံ ညအာရုံတို့ ခံစားရာအကြား မေတ္တာဖြင့် စည်းခြားလျက်က ခံစားရပြီး၊ မေတ္တာအားသွင်းချိန် သမ္မာဝိတက်ဖြင့် မိစ္ဆာဝိတက် သုံးချက်ကို အဆက်ဖြတ်၏။ ကာမအားဝင်ချိန် မိစ္ဆာဝိတက် အမှားသုံးချက် တို့ကို ပြန်လည်အသက်ဆက်၏။

စင်စစ် စကြာမင်း၏အဖြစ်သည် . . . ဘုရားဖြစ်ရန်



ဧကန်လိုအပ်နေသော အခြေခံ ဒါနအား သီလအားများ ဘုရား ဖြစ်ရန် အားပြည့်မပြည့် အဓိဋ္ဌာန်ဖြင့် စမ်းသပ် ဖော်ထုတ်ကြည့် ခြင်းပင် ဖြစ်၏။

ကံတော်အနန္တအထိ ထိုးဝင်နိုင်စွမ်းရှိသော ယင်းဒါနအား သီလအားများ ထက်သန်နေပါမှ ကံခိုနှင့်ကံလို ဝေနေယျများသို့ ဖြန့်ကားပေးဝေနိုင်မည်။

တစ်ဖန် ထိုကံကောင်းကို အကြောင်းခံထားလျက်ကပင် ဈာန်ဖြင့် တန်ခိုးတော်အနန္တ၊ ဉာဏ်ဖြင့် ဉာဏ်တော်အနန္တ၊ သုံးပါးစုံဖြင့် ဘုန်းတော်အနန္တများကိုလည်း ဖြစ်စေမည်။ ကြွင်း ပါရမီကံစုများကိုလည်း ဖြစ်စေမည်။

ထိုဒါနအား သီလအားများ စမ်းသပ်ဖော်ထုတ်ကြည့်ရာ ၌ . . . ဆိုခဲ့ပြီး မိုးသွန်း၊ လသာ၊ စမ်းရေထွက်ပမာ ကိုယ့်တွင်သာ မက အများဖို့ပါ ပြည့်စေ မိနေပါမူကား ဘုရားဖြစ်ရန် သေချာ သလောက်ရှိနေပြီဆိုရမည်။

ကာမသည် အလိုကြီးရာမှ ထ၍ဖြစ်သော သဘာဝ သွေးတိုးတစ်မျိုးဖြစ်၏။ ထိုအလိုကြီးကို သိက္ခာခါးစက်ထဲသို့ သွင်းထည့်ပေးကာ အပြတ် အပြတ် ဖြတ်တောက်၍ မချနိုင်သေး သမျှ အနာဂါမ်ဘဝ မရောက်မချင်း တစ်စခန်း ထ,နေကြမည် သာ။

ကာမဂုဏ်ဖြင့် သူတစ်ပါးသို့ လိုက်လံဖျက်ဆီးလိုခြင်းသည်

လည်း အလိုကြီးခြင်းပင်။ ဓမ္မဂုဏ်ဖြင့် သူတစ်ပါးသို့ လိုက်လံကယ်တင်လိုခြင်းသည်လည်း အလိုကြီးခြင်းပင်။ သမ္မာဆန္ဒ၊ မိစ္ဆာဆန္ဒနှင့် သမ္မာဝိတက်၊ မိစ္ဆာဝိတက် အကြားမှ ဖွားမြောက်လာကြရခြင်းမျှသာ ကွာ၏။ အလိုကြီးခြင်း ဟူသော သဘာဝကား အတူတူပင်။

ဘုရားအဖြစ်ဖြင့် ဘာမဆို အကုန် သိလို၊ မြင်လိုခြင်းသည်လည်း အလိုကြီးခြင်းပင်။ ဘုရားအဖြစ်ဖြင့် ဝေနေယျအများအစား ကယ်လို မ,လိုခြင်းသည်လည်း အလိုကြီးခြင်းပင်။

သို့ကြောင့် စကြာမင်းအဖြစ်ဖြင့် ဘုရားအဖြစ် ရင့်၊ မရင့် (ကံပွား မပွား) စမ်းသပ်ကာလအတွင်းရှိ ကာမ သွေးချောင်းစီးတိုက်ပွဲ ဖြစ်ပွားနေခြင်းများကို အဆိုးမဆိုသာပြီ။

ကာမကား သွေးအားကို ကိုယ်တစ်ပါးအတွက် ထုတ်သုံးခြင်း။

ဓမ္မကား သွေးအားကို အများ၏အများအတွက် ထုတ်သုံးခြင်း။

❖



## ငြိမ်သက်အေးချမ်းမှုတို့ ပေါင်းစုထားသော လတို့၏ကမ္ဘာ

"လ"သည် "လူ"အက္ခရာကို ရေးသားရာ၌ အလွန်အရေးပါသော ကိုယ်ထည်ပင်။ ထို"လ"၏အောက် ချောင်းငင်များ အတိုအရှည် ပေါ်ပေါက်လာသောအခါ "လူ"ဟူသော အက္ခရာစဉ်အပီအပြင် ပေါ်ထင်လာစေ၏။ သို့ကြောင့် "လ"ကား ပဓာနတည်း။

သည့်ပမာလျှင်. . . ကမ္ဘာ့အကျိုးပြု ကောင်းကင်ရှိလဂြိုဟ်နက္ခတ်ပမာသော လူသားတို့ရှိ ဆန္ဒထက် မပို အလိုကင်းဆိတ်နေရာမှဖြစ်သော စိတ်၏အေးမြ ငြိမ်သက်မှု၊ ဝီရိယထက် မပိုသော ဒေါသကင်းဆိတ်နေရာမှဖြစ်သော စိတ်၏အေးမြငြိမ်သက်မှု၊ သမာဓိထက် မပိုသော မောဟကင်းဆိတ် နေရာမှဖြစ်သော စိတ်၏အေးမြငြိမ်သက်မှု သို့မဟုတ် လောဘ၊ ဒေါသ၊ မောဟ ဟူသော ပူပြင်း"နေ"များအစား ဆန္ဒ၊ ဝီရိယ၊ သမာဓိ ဟူသော စိတ်ထားဖြင့် "လ"ပမာ အေးငြိမ်းသာယာနေသော စိတ်စုအစဉ်များသည်လည်း သက်မဲ့လောကကိုလည်းကောင်း၊ သက်ရှိလောကကိုလည်းကောင်း အလှဖြင့် တန်ဆာဆင်ပေးနေချေရာ၊ ထိုစိတ်ထားမျိုး ကင်းက ဒါနအား သီလအားများဖြင့် ထိုလူသား



ချောင်းငင်တူ "လူ"ဟူ၍ ဖြစ်မလာစေနိုင်။ လူဖြစ်လာသော်မှလည်း အငြိမ်းဓာတ် မဆောင်သော လူယောင်မျှသာ ဖြစ်လာနိုင်သည်။

ယနေ့ စကြာရှင် မင်း ပေါ်ထွန်းနေချိန်တွင်ကား. . . ထိုစကြာမင်းရှိ "လ"ပမာသော မေတ္တာတော် အရိပ်အောက် ရောက်နေကြရသော လူသားများပီပီ အပူလွန်းသော ရာဂ၊ ဒေါသစသည်များမရှိ။ မနာလို ဝန်တိုခြင်း၊ ဖက်ပြိုင်လိုခြင်း၊ မာနက္ကဿာ မစ္ဆရိယ စသည်များလည်းမရှိ။

သို့ကြောင့်. . . ကြိုက်ပူ ထိုးလွန်းမှ ဖြစ်ပွားလေ့ရှိသော ကြက်၊ ဝက် စသည် သတ်ဖြတ်စားသုံးမှု။ မကြိုက်ပူ ထိုးလွန်းမှသာ ဖြစ်ပွားလေ့ရှိသော ခြင်၊ ကြမ်းပိုး စသည် သတ်ဖြတ်ပစ်မှု။ ထိုနှင့်တစ်ဆက်တည်းသော မသမာစိတ်ထားဖြင့် သူတစ်ပါး ပစ္စည်းများ လုည့်ပတ်ယူ လုယူခြင်း၊ သူတစ်ပါးလင် သူတစ်ပါး မယားများနှင့် သူတစ်ပါးတို့နှင့် မပြုသေးသော သားပျို သမီးပျိုများ အပေါ် ပျော်ပါးလိုသဖြင့် ဖျက်ဆီးခြင်း၊ စော်ကားလိုသဖြင့် ဖျက်ဆီးခြင်း၊ အရာရာလှည့်စား ပြောဆိုခြင်း၊ မူးယစ်ရမ်းကားခြင်းများပါ အလိုလိုကင်းဆိတ်နေကြတော့ရာ ကမ္ဘာကြီးကား ငြိမ်သက်အေးချမ်းမှုတို့ စုပေါင်းထားသော "လ"အစင်းစင်းတို့၏ လမင်းကမ္ဘာကြီးတည်း။

လူသားအားလုံး ထိုကံများ လုံခြုံနေကြတော့သဖြင့် ရာဇဝတ်မှုများမပေါ်။ သို့ကြောင့် ရဲမရှိ၊ ဂတ်မရှိ၊ အချုပ်ထောင်မရှိဘဲ ငြိမ်သက်အေးဆေး၏။

မင်းအားလုံး မင်းကျင့်တရားများပါ လုံခြုံနေကြတော့သဖြင့် တိုင်းပြည်လုယက်မှုမပေါ်။ သို့ကြောင့် စစ်သားမရှိ၊ လက်နက်မရှိဘဲ ငြိမ်သက်အေးဆေး၏။

ထိုကာလရှိ အုပ်ချုပ်ရေးကား စကြာမင်းကြီး၏ ဩဝါဒပင်တည်း။ ထိုကာလရှိ အုပ်ချုပ်ရေးဥပဒေကား ငါးပါးသော လူကျင့်သီလများပင်တည်း။

ထိုတွင် စကြာမင်းကြီးသည် အခါအားလျော်စွာ စကြာယာဉ် စီးနင်းလျက်က ကောင်းကင်ခရီးဖြင့် ကမ္ဘာသို့ လှည့်ပတ်ကာ ကုသိုလ်ကောင်းမှုအရာ၌ မမေ့ကြရန် သတိပေး၏။ အကုသိုလ်အမှု ဘာတစ်ခုမျှ မပြုမိကြရန်လည်း သတိပေး၏။

ထို့နောက် ကုသိုလ်မှဖြစ်သော ကောင်းကျိုးတို့သည်လည်း မိမိထံသို့သာ ပြန်လာမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ အကုသိုလ်မှ ဖြစ်သော ဆိုးကျိုးများကလည်း မိမိသို့သာ ပြန်လည်ဆိုက်ရောက်လာမည်ဖြစ်ကြောင်းကိုလည်းကောင်း ဩဝါဒပေး၏။

ခါတ်ခံပြည့်နေကြသော ကမ္ဘာသူ ကမ္ဘာသားများကား



ကောင်းမှုက ကောင်းကျိုး၊ မကောင်းမှုက မကောင်းကျိုး မိမိသို့သာ တိုးဝင်လာမည်ဟူသော ထိုဩဝါဒဖြင့်ပင် ယဉ်ပြီးသားဖြစ်နေကြ ချေပြီ။

လူကိုလူချင်း ဆုံးမ ရသဖြင့်. . . ကျွဲ၊ နွားတို့ ဆုံးမရာ၌ အသုံးပြုသော လွန်ကြိုးတဲ၍ ဆွဲငင်ရခြင်း၊ ရိုက်ပုတ်၍ပြုပြင်ရခြင်း၊ တိုင်၊ သစ်ပင် ချည်နှောင်၍ ဒဏ်ခတ်ရခြင်းပမာသော ကောင်းမှု၌ လက်ထပ်သင်ပေးရခြင်း၊ ဆိုးမှု၌ အချုပ်ချ၍ ညှဉ်းရခြင်းများ အလျှင်းမလိုပြီ။

စကြာမင်းကြီး ထိုသို့ကမ္ဘာခန်း လှည့်ရာ၌ပင် စကြာယာဉ်အပြည့် မိဖုရားများရှိစေလျက်က ဝဲဘက်လှည့်လည်း အသင့်၊ ယာဘက်လှည့်လည်း အသင့်ဖြင့် အလိုတော်ပြည့်စေ၏။ လူ၌ဖြစ်သော စည်းစိမ်ခံများ၊ နတ်၌ဖြစ်သော စည်းစိမ်ခံများပမာ အသင့်စီမံပြီးချည်း ဖြစ်နေ၏။ တစ်ကမ္ဘာလုံးကို မိမိဘုန်းဖြင့် ပေါင်းရုံးကာ ကောင်းစားစေသော စေတနာ၊ မေတ္တာ၊ သီလတို့၏ ကျေးဇူးကား ၎င်းအား တန်ပြန်ကျေးဇူးဆပ်နေကြချေပြီ။

တစ်ဖန် ထိုလက်အောက်ခံ ကမ္ဘာသူ၊ ကမ္ဘာသားများသည်လည်း၊ **သီလ** အကျင့်အားဖြင့်လည်း ငါးပါးသောကျင့်ဝတ်များကိုပင် ကမ္ဘာသုံးအဖြစ် မူထားကာ ကျင့်သုံးနေကြတော့ရာ **သမသီလ** အကျင့်တူ ဖြစ်နေကြ၏။ **ဒိဋ္ဌိ** အမြင်အားဖြင့်လည်း မကောင်းကိုမကောင်းအတိုင်းပင် အမှန်မြင်နေကြပြီး၊ ကောင်းကို



လည်း ကောင်းအတိုင်းလျှင် အတည့်မြင်နေကြတော့ရာ **သမဝါဒ** ဝါဒတူဖြစ်နေကြ၏။

ခေတ်ဆိုး ခေတ်ယုတ်ကြားက လူသားများကဲ့သို့ သူ့အသက် မသတ်မှအမြတ်၊ သူ့အသက် သတ်မှအမြတ်ဟူ၍ သီလချင်း အငြင်းပွားစရာမရှိ။ ကံလုံမှအကောင်း၊ ကံမလုံလည်းကောင်းဖြင့်လည်း သီလကွဲထား ဝါဒခြားမရှိ။ သဒ္ဓါတွင် ပညာဆင့်၍ ကြည့်မှအမှန်၊ သဒ္ဓါသက်သက်ဖြင့် ကြည့်မှအမှန်ဖြင့်လည်း အယူကွဲပြားခြင်းမရှိ။

သို့ကြောင့်လျှင် အယူ သီလ တူမျှခြင်း၏ ရလာဒ်အဖြစ်ဖြင့် သတ်ဖြတ်ခြင်းအစား ကယ်တင်ခြင်းဖြင့် အချင်းချင်းအစောင့်ရှောက် ထားပေးနေကြလေပြီ။ တမင် လိမ်ညစ်ယူခြင်းမဆိုထားဘိ၊ လမ်း ကောက်ရပစ္စည်းကိုပင် မယူကြတော့ပြီ။ သူ့ကာမ ကိုယ့်ကာမ လုယက်သုံးအစား စောင့်စည်းခြင်းဖြင့် အစားထိုးလိုက်ကြပြီ။ အပြစ်ဖုံးကွယ်ခြင်း အကြွားဖော်ထုတ်ခြင်းအစား သူတစ်ပါး မစစ်ရဘဲ နှင့်ပင် ဝန်ခံပြီးဖြစ်နေကြပြီ။ ဘဝနှင့်ဓမ္မကို မူးယစ်ခြင်းဖြင့် မေ့ပျောက်ခြင်းအစား သတိတရားဖြင့် အစားထိုးလိုက်ကြပြီ။

သို့ကြောင့် လူလျှင်ကောင်း နတ်ကောင်းမနေသာတော့ရကား. . . သမ္မာဒေဝခေါ် အရိယာဝင် နတ်များကလည်း ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြရ၏။ လောကပါလခေါ်

လောကစောင့်နတ်များကလည်း ကမ္ဘာသားများကို အကူညီပေးကြရ၏။

စကြာမင်းကြီး၏ လက်အောက်ခံ ကမ္ဘာ့ပြည်သူ ပြည်သားတို့အဖို့ကား ကိုယ်တွေ့အားဖြင့် ကံတရား၏ဂုဏ် ပုံ၍ယုံလာကြတော့ကာ ကံကောင်းကြား ခေါင်းထားလျက်ကသာ။

❖

## စကြာမင်း၏တန်ခိုး ကိုယ်တွေ့တိုးမိနေသော ထိုလူသား

စကြာမင်း၏ ဘုန်းကံသည်. . . မိုး၊ လ၊ စမ်းပမာ မိမိတွင်သာမက ကမ္ဘာ့ပရိသတ်ပါ စိမ့်ဝင် စီးဆင်းစေကာ ကောင်းကျိုးကာမ ကျိုးဖလတို့ကို မကြောင့်မကြ မတောင့်မတ ခံစားခွင့်သာစေခဲ့ပုံကို ဆိုခဲ့ပြီးပြီ။

ဤမှာတွင်. . . ကမ္ဘာတွင်းရှိ ပုထုဇဉ် လူသားများ၏ဘာဝသရုပ် ထုတ်ပြဖို့ လိုလာပြီထင်၏။ ပုထုဇဉ်ဟူသည် စိတ်ကိုညစ်ပတ်အောင်လုပ်ရာ၌ အများဆုံး လုပ်ပြီးသူများတည်း။ လူသားဟူသည် တိရစ္ဆာန်ထက် ဉာဏ်ပိုရှိပြီး၊ တိရစ္ဆာန်ထက် အလုပ်တွင်ကျယ်သူများတည်း။ နှစ်ခုပေါင်းသော် မိမိစိတ်ကိုညစ်ပတ်ရာ၌ အများဆုံး အသုံးပြုပြီး တိရစ္ဆာန်တို့ထက်



မကောင်းရာဘက်၌ တိုးတက်နေသူများပင်၊ အန္ဓဗာလ အကန်း၊ အမိုက်များ၏ ဘာဝတည်း။

ထိုပုထုဇဉ်တို့၏ သဘာဝ စိတ်နေ၊ စိတ်ထားသည် . . . ကိုယ့်ကိုယ်ကို ခင်မင်မှုအားကြီးလေ့ရှိ၏။ သို့ကြောင့် ကိုယ်သက်သာရာကို အမြဲရှာကြံ၏။ သူတစ်ပါးအပေါ် ခင်မင်မှုလည်း အားကြီးနေတတ်၏။ သို့ကြောင့် အဖော်မရှိ မနေတတ်။ အာရုံများအပေါ် ခင်မင်မှုလည်း အားကြီးနေတတ်၏။ သို့ကြောင့် နိုးကတည်းက အမျိုးမျိုးရှုသိနေရမှ အားရ၏။

ထိုတွင်. . . ကိုယ့်ကိုယ်ကို ခင်မင်မှုအားကြီးလေ့ရှိသူသည် ကိုယ့်ကိုလည်း ညှာ၏။ စိတ်ကိုလည်း အလိုလိုက်၏။ သို့ကြောင့် ကိုယ်နာမည့်အလုပ်၊ ကိုယ်ပင်ပန်းမည့်အလုပ်ဆိုထမင်းကိုလျှင် မာလွန်းက ဝါးမခံ့ချင်။ ထိုလူသား ဘယ်အရာမဆိုမလုပ်ဘဲရက ဘယ်လိုနေမည်နည်း။

တစ်ဖန် စိတ်ကိုလည်း အလိုလိုက်နေရတော့ခြင်းကြောင့် စိတ်ကြိုက်အလုပ်မျိုးမှတစ်ပါး အခြားမလုပ်လို။ သို့ကြောင့် တစ်ဖက်ကောင်း မကောင်းကား အကြောင်းမဟုတ်တော့။ ထိုလူသား သွေးဆိုးထိုး၍ စိတ်ထကြွ အဘယ်အလုပ်ကို စမည်နည်း။

ကိုယ်ကိုလည်းညှာ၊ စိတ်နောက်ကိုလည်း လိုက်ပါနေသော ထိုလူသားမျိုးသည် ကံ၊ ဉာဏ်၊ ဝီရိယ အလုပ်ခွင်သုံး သုံးဌာနတို့



တွင် ကံအကျိုးပေးမှုကိုသာ မျှော်စောင့်နေတော့မည်။ အမွေရဖြစ်စေ၊ သူတစ်ပါးတို့ အပေးအကမ်းရဖြစ်စေ၊ ဘာမဆို ကံကြောင့်ချည်း ထင်နေတတ်၏။ စကြာမင်းကဲ့သို့သော ကံဆောင်ဘုန်းရှင်၊ ကံရှင်နှင့် တိုးမိနေပါသော်ကား ထိုဘုန်းရိပ်၊ ကံရိပ်ကြားမှ ထွက်တော့မည်ပင် မဟုတ်ပြီ။

ထိုစကြာမင်း၏ ဘုန်းမိုး၊ ကံမိုး ရွာသွန်းဖြိုးခြင်းကား . . . ကိုယ်တိုင်ထိတွေ့ခွင့်ရသော ကိုယ်တွေ့မျက်မြင်ဖြစ်နေတော့၍ ဉာဏ်မီ၊ မမီ မလို။ အနိုင်ရ ဖဲသမားလက်ထဲမှ ဝေစုခွဲရပုံမျိုးဖြစ်နေ၍ ကိုယ်အား စိုက်ထုတ်စရာမလို။ တစ်ဖက်က အရှိန်ချသည်ဘက်က အရှိန်ရ ပေးယူနည်းဖြစ်နေ၍ အနီးကပ်၍ ပြန်လည် ကျေးဇူးဆပ်ရန်မလို။ ကံပေးအရသာများ စိတ်လွတ်၊ ကိုယ်လွတ် ခံစားခွင့်ရနေ၍ စိတ်ချုပ်တည်းစရာလည်း မလို။ ပျင်းသောအပြင်းသမားများအတွက် ဘယ်လောက် အားကျစရာကောင်းသနည်း။

တစ်ဖန် သူတစ်ပါးအပေါ် ခင်မင်မှု အားကြီးလေ့ရှိသူသည် ခိုလှုံစရာတွေ့က ယိမ်းလိုက်လိုက်၊ ခိုလှုံလာသူတွေ့က သိမ်းပိုက် ပိုက်ဖြင့် အချိန်ပြည့် သူတစ်ပါးတို့၏ စိတ်ဖြင့်ချည်းသာနေတော့မည်။

ထိုသို့ သူတစ်ပါးတို့ဆီ စိတ်ပို့လွှတ်ထားခြင်းဖြင့် မိမိ၏အဇ္ဈတ္တ၊ ဗဟိဒ္ဓ(အတွင်းပြင်) ကာယ၏ ဖြစ်ပျက်သမျှ အစုံ

အကုန်မသိတော့။ သူတစ်ပါး၏အဇ္ဈတ္တ ဗဟိဒ္ဓ ကာယ၏ ဖြစ်နေပျက်နေပုံအစုံကိုလည်း အကုန်မသိတော့။

ထိုလူသား. . . ခန္ဓာတွင်းရှိ စက္ကန့်နှင့်ချီ သေကြေပျက်စီးနေသည်များ၏ အသေဆုံးမှသာ သေမှန်းသိရတော့မည်။ ရှေ့ဖြစ်နှင့် နောက်ဖြစ်တို့ အကြားရှိ အပျက်တရား ဉာဏ်မဝင်စားမိ၍ အဖြစ်ချည်း ထင်နေမည်။ သူ့၌ ကိုယ့်၌ ဘာကိုမျှ ဉာဏ်မလိုက်မိ၍ စိတ်ကြိုက်ရာ အကောင်းထင်နေတော့မည်။

သို့ကြောင့်. . . ထိုလူသား ဘဝကိုလည်း ရွံမုန်းရကောင်းမှန်းမသိ။ ကာမကိုလည်း ရွံမုန်းရကောင်းမှန်းမသိ။ အလိုက်သင့်အလျားသင့် ခံစားနည်းဖြင့် တစ်ဘဝလူလုံး အသုံးချသွားတော့မည်။

တစ်ဖန် အာရုံများအပေါ် ခင်မင်မှု အားကြီးလေ့ရှိသူသည်လည်း ရေထဲ တုတ်ခြစ်၍ အရုပ်ရေးရသည်ပမာသော ဝတ္ထုရုပ်များမှ ပွဲကျရာ လွင့်စင်ရိပ်များကိုလျှင် တကယ့်လူ တကယ့်အတွေ့ထင်ကာ ဝမ်းသာစရာရှိက ဝမ်းသာ၊ ရုပ်ရှင်ကြည့်၍ ဩဘာလက်ခုပ်တီးနည်းပမာ ဖြစ်ပွားနေပါမည်။ ဝမ်းနည်းစရာရှိက ဝမ်းနည်း၊ ရုပ်ရှင်ကြည့်၍ ကျိန်ဆဲနည်းပမာ ဖြစ်ပွားနေပါမည်။

ထိုလူသား တစ်ဖက်ဝတ္ထုရုပ်မှလည်း အပူကြီးရာမှ လွင့်စင်လာသော အပူရိပ်မျှ ဖြစ်နေခြင်းကြောင့်လည်းကောင်း၊ မိမိဘက်မှ



လည်း ဘဝင်နှလုံး အပူဆုံးသော လှိုင်းဖြင့် ဖမ်းယူခံစားနေရခြင်းကြောင့်လည်းကောင်း အာရုံတို့ကို မည်မျှခံစားခံစား အားမရနိုင်။

သို့ကြောင့် အာရုံခံစားခွင့်ရရာ၌ အားမရတိုင်း ရှေ့သို့တိုးကာ တိုးကာ ခံစားခွင့် တောင်းခံနေရတော့ရာ၊ ကြာသော် အာရုံ၏ ဖမ်းစားခြင်းကို ခံလိုက်ရတော့သည်။ သူ့အာရုံခင်သလောက် သူ့အာရုံရှင်၏ လက်အောက် ဝင်ရောက်၍ အမှုထမ်းပေးနေရခြင်းတည်း။

ထိုသုံးခင်း စားရင်းချုပ်သော် . . . ကိုယ့်ကိုယ်ကို ခင်မင်သူဖြစ်စေ၊ သူတစ်ပါး ခင်မင်သူဖြစ်စေ၊ အာရုံစဉ် ခင်မင်သူဖြစ်စေ ထိုအားလုံး စကြာမင်း၏ ဘုန်းတန်ခိုးကဲ့သို့သော မိုး၊ လ၊ စမ်းတို့၏ စိုပြည်ခြင်း၊ အေးမြခြင်း၊ စီးဆင်းခြင်းဖြင့် မိမိအပေါ် အဆင်သင့်ကျရောက်လာပါ မူကား. . . "ဒါမှ တို့ဘုရင်"ဖြင့် ခင်ချင်တိုင်း ခင်နေပေရော့မည်။ "ဒါမှ တို့ကျေးဇူးရှင်"အဖြစ်ဖြင့် ချစ်ချင်တိုင်း ချစ်နေပေရော့မည်။

ဝါးရလွတ်သော ငှက်ပျောသီးမှည့် ရှာဖွေပေးရာ၌ပင် အခွံနွှာပြီးသား ဖြစ်လေမှ လက်ခံစားသုံးလိုသော ထိုပုထုဇဉ် လူသားများအဖို့၊ ဤစကြာမင်းမျိုး ကြီးစိုးသောခေတ် ဖြစ်နေခဲ့လျှင် "အရှင်မင်းကြီး ကမ္ဘာဆုံးသော်မှ ကံတော်မကုန်ပါစေနှင့် ဘုရား"ဟူ၍လည်းကောင်း၊ "အရှင်မင်းကြီး အကျွန်ုပ်တို့ သေရွာပြန်သော်မှ ကံတော်မကုန်ပါနှင့်ဦး"ဟူ၍လည်းကောင်း ဝိုင်းဝိုင်း



လည် သံတော်ဦး တင်ကြမည်မှာကား မလွဲပြီ။

❖

## ကိုယ်တွေ့ရှာကြ လှမ်မာလ ဓမ္မ အားမကိုး

ဒါန သီလတို့၏ ကံအရာ စမ်းသပ်ရာ စကြာမင်းအဖြစ်တစ်ကမ္ဘာလုံး သိမ်းရုံးလျက် ဘုန်းမိုး၊ ကံမိုးတို့ ရွာသွန်းဖြိုးကာ လူသားထု အကျိုး သယ်ပိုးပြီးနောက် ရင့်မာတစ်ကျိပ်ဝင်ဖြင့်ပင် အလောင်းတော်ဘဝ ပါရမီတော်အဝဝ ဖြည့်ကျင့်နေရ၏။

ကာမကို ဈာန(ဈာန်)ဖြင့် လဲလှယ်ကာ ပါရမီဖြည့်နည်းလည်းပါ၏။ ကာမကို ဉာဏ(ဉာဏ်)ဖြင့် လဲလှယ်ကာ ပါရမီဖြည့်နည်းလည်း ပါ၏။

ယင်းကာမအပေါ်၌ပင် သည်းခံခြင်း၊ မေတ္တာဖြင့်တားခြင်း၊ သစ္စာဖြင့်ဖယ်ရှားခြင်း၊ သီလဖြင့် ခေါင်းပါးခြင်း၊ ဥပေက္ခာဖြင့် မားမားနေခြင်း စသည်များဖြင့်လည်း မိမိစိတ်ဓမ္မဘက် ဆက်ထွက်လာရန် သို့မဟုတ် ပညတ်မြင်မှ ပရမတ်မြင်၊ အပေါ်ယံသိမှ အတွင်းသိများသို့ တိုးတက်လာရန် ဖြည့်ကျင့်နည်းများပါ ပါဝင်၏။

နောက်ဆုံးသော ပါရမီဖြည့်ကျင့်ရာ၏ ကာလတွင်ကား

ငါ့အပေါ် အစွဲရှိ၊ မရှိ၊ ငါ၌ ခင်၊ မခင် စမ်းသပ်သောအားဖြင့် နန်းစည်းစိမ် ခံစားနေကျမှ တောရသို့ဝင်ကာ ကိုယ်၊ စိတ် အပင်အပန်းခံ၍ ကျင့်ကြည့်သည်။ မတုန်လှုပ်။

သူ့အပေါ် အစွဲရှိ၊ မရှိ သူ၌ ခင်၊ မခင် စမ်းသပ်သော အားဖြင့် သား သမီး၊ သားမယားများအား အလှူခံသူပေါ်က လှူကြည့်သည်။ မတုန်လှုပ်။

ဝတ္ထုများအပေါ်၌လည်း အစွဲရှိ မရှိ၊ အငြိဝင် မဝင် စမ်းသပ်သောအားဖြင့် ဘာကိုတော့ မလှူခဲ့ဖူးဘူး မရှိရလေအောင် သက်မဲ့ သက်ရှိ ဝတ္ထုများကို ရသေ့ပုဏ္ဏားကြိုက်၊ လူကြီးကြိုက်၊ ကာလသားကြိုက်၊ ကာလသမီးကြိုက်၊ ကလေးကြိုက်များအထိ စီမံကာ ပေးကမ်းစွန့်ကြဲကြည့်သည်။ မတုန်လှုပ်။

ရေနစ်သူကို ကယ်ဆယ်မည့်သူသည် ထိုရေနစ်နေသူထက် အားဆယ်ဆသာလွန်နေပါမှ ရေဝယ်ဆင်း၍ အပြင်းဆယ်ယူသည်ပမာ။

ဘုရားအဖြစ်ဖြင့် သုံးဆယ့်တစ်ဘုံသား အားလုံးတို့အပေါ် သွားရောက်ကယ်တင်ရမည့် အလောင်းတော်သည်လည်း ဆယ်ဆမျှမက သုံးဆယ်မျှ သာမှ ကယ်တင်နိုင်မည်ဖြစ်ခြင်းကြောင့် ထိုမျှအထိ အား, စမ်းသပ်ကြည့်နေရခြင်းပင်။

ငါ၌ငြိနေလျှင် သူပေါ်လာသောအခါ ဝင်ရောက် မကယ်နိုင်။ သူ၌ငြိနေလျှင် ငါဝင်လာသောအခါ ဝင်ရောက်မကယ်နိုင်။



သည့်အတူ မေတ္တာ အားနည်းနေလျှင် ဒေါသဖြင့် ဝင်ရောက်လာသူကို မကယ်နိုင်။ နေက္ခမ၊ ခန္တီ၊ ဥပေက္ခာ စသည် အားနည်းနေလျှင်လည်း ကာမ၊ မာန စသည်များ ဆွဲကိုင်ကာ ဝင်ရောက်လာသူမှန်သမျှကို မကယ်နိုင်။

ထိုမှအပြန် ဆိုရပါသော်. . .

ဒါနကစ ပညာအဆုံးကျတိုင် ပါရမီတော် ဆယ်စုတို့ကို တစ်စု တစ်စုလျှင် ရိုးရိုး၊ ကိုယ်အင်္ဂါ၊အသက်ဟူသော ဘဝစည်းစိမ်နှင့်အမျှ၊ ကိုယ်နှင့်အမျှ၊ အသက်နှင့်အမျှ ပြည့်ဝနေသောအခါတွင်ကား ဘာလာလာ၊ လာချင်ရာလာ ကယ်ဆယ်မှာချည်းသာ။

သည်မျှအထိ ခိုင်မာတောင့်တင်းသော ဘုရားအဖြစ်ပင်တည်း။

သည်မျှအထိ ဖြည့်ဆည်းပေးနိုင်စွမ်းသော ဘုရားအဖြစ်ပင်တည်း။

သည်မျှအထိ အန္တံအတာ ခံနိုင်စွမ်းသော ဘုရားအဖြစ်ပင်တည်း။

❖



## လောကမှာ ငါသည်သာ
## အကြီးဆုံး အမြတ်ဆုံး အသာဆုံး

**'ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗ ပါဏိနံ'**

'လောကအလယ်၌ ဘုရားဟူ၍ဖြစ်ပွင့်လာခြင်းသည် သတ္တဝါအားလုံးတို့၏အတွက်သာ။'

လောက၌ ဘာသာမဲ့ လူမျိုးမဲ့ တိုင်းပြည်မဲ့ နေထိုင်သူသည် ဘုရားရှင်နှင့် ၎င်း၏အရိယာသာဝကများပင်တည်း။

ဘုရားရှင်သည်. . . ကျင့်စမှနေ ကျင့်ဆုံးသို့တိုင် ငါဟူသော ကိုယ့်ကိုယ်ကို ခင်မင်မှုအားကြီးနေခြင်းကိုလည်း ပါရမီတော်အဖုံဖုံတို့ဖြင့် ဘက်စုံသတ်ဖြတ်ခဲ့ပြီးဖြစ်၏။ သူဟူသော သူတစ်ပါးတို့အပေါ် တဏှာဖြင့် ခင်မင်မှုအားကြီးနေခြင်းကိုလည်းကောင်း၊ ဝတ္ထု ပစ္စည်းတို့အပေါ်၌ ခင်မင်မှုအားကြီးနေခြင်းကိုလည်းကောင်း နည်းတူ ပါရမီတော်အဖုံဖုံ ဘက်စုံတိုက်ဖြင့် တိုက်ဖျက်ခဲ့ပြီးဖြစ်၏။

သို့ကြောင့်. . . ထိုဘုရားရှင်၏စိတ်တော်၌ ငါမှ ငါ ဟူသော အစွဲမရှိ၊ သူမှ သူ ဟူသော အငြိလည်းမရှိ။ ထိုမှတစ်ဆက်တည်း ငါ့ဘာသာမှ၊ ငါ့လူမျိုးမှ၊ ငါ့တိုင်းပြည်မှဟူသော ကွက်ကြားမိုး ရွာသွန်းမျိုးလည်း အလျှင်းမရှိပြီ။

ကျွတ်ထိုက်သူ မှန်လျှင် ရန်သူပင်ဖြစ်ပါစေ သွားရောက်ကယ်တင်သည်သာ။ ကျွတ်ထိုက်သူ မှန်လျှင် ကမ္ဘာပင် ခြားနေပါစေ သွားရောက်ကယ်တင်သည်သာ။ "ငါ့ရန်လုပ်လို့"ဆိုကာ ပစ်မထားခဲ့။ "ငါ့ ဘာသာ မဟုတ်လို့" ဆိုကာလည်း ပစ်မထားခဲ့။ ထိုအားလုံးတို့အပေါ် အမြဲလျှင် သနားစိတ်ကသာ ဝင်ရောက်နေစေရန် မဟာကရုဏာ ဖလသမာပတ်ကို အမြဲဝင်စားတော်မူ၏။

သို့ကြောင့် အာဠာဝက၊ နာဠာဂီရိတို့ ဘယ်လောက်တိုက်တိုက် မုန်းစိတ်ဖြင့် ပြန်လည်မခိုက်။ စိဉ္စမာဏ၊ ဒေဝဒတ်တို့ ဘယ်လောက်ငြိုးငြိုး မုန်းစိတ်ဖြင့် ပြန်လှန်မထိုး။ ကရုဏာသမာပတ်၏နောက် ပါရမီတော်အဟုန်တို့ ကျောထောက်ထားသောကြောင့်တည်း။

ဘုရားရှင်နည်းတူ. . . သားတော်သာဝကများ ဖြစ်ကြလေသော အရှင်မဟာသာရိပုတ္တရာ စသည်များသည်လည်း ၎င်းတို့ဖြည့်အားနှင့် ပြည့်အားအလိုက်လျှင် ၎င်းတို့ ဝေနေယျကျွတ်ထိုက်သူ မှန်က ရန်၊ မိတ် မခွဲခြား တစ်သားတည်းထား သွားကယ်မ, ကြ၏။ ကျွတ်ထိုက်ချိန်စေ့က နေရာ နီးဝေး မခွဲခြား သွားရောက်ကာ ကယ်မ,ကြ၏။

လ၊ နေတို့သည် ဤကမ္ဘာတစ်ခုမျှကိုလျှင် သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက် နှုန်းဖြင့်သာ အလင်းကိုလည်းကောင်း၊ အပူ အအေးကိုလည်းကောင်း ဖြန့်ဝေပေးပို့နိုင်စွမ်း ရှိကြသည်



ဆို၏။

ဤဘုရားရှင်နှင့် သာဝကများမှာမူကား . . . ဤကမ္ဘာကဲ့သို့သော ကမ္ဘာထောင်သောင်းတို့နှင့်တကွ သုံးဆယ့်တစ်ဘုံမည်သည့်ဘုံ၊ မည်သည့်နေရာ လစ်လပ်သည်မရှိ အမြဲ သာစေ၏။ အမြဲလည်း အေးမြခြင်းနှင့် အလင်းကိုလည်း ပေးနိုင်စွမ်းရှိ၏။ အနန္တဟူသော အမည်သည် အဆုံးမရှိ၊ အပိုင်းခြား မရှိဟူသော အရာ၏ သင်္ကေတပင် မဟုတ်လော။

❖

## ကျင့်တုန်းကလည်း အများဖို့၊ ပွင့်တော့လည်း အများဖို့သာ

ဘုရားရှင်တို့မည်သည် . . . သက်တမ်းစေ့ (တောင်းပန်သူ မရှိဘဲက)နေလျှင် အတ္တကို ဖော်ကျူးရာရောက်သဖြင့် အတ္တသမားတို့ လက်ညှိုးထိုးစရာ ဖြစ်နေသောကြောင့် ကာလသက်တမ်း၏ ၂၀% ရာခိုင်နှုန်း (တစ်သိန်းတမ်းဆို နှစ်သောင်းလျှော့၊ တစ်ရာတမ်းဖြစ်က နှစ်ဆယ်လျှော့) လျှော့ကာ နိဗ္ဗာန်ဝင်စံတော်မူမြဲဖြစ်ရာ. . .

တစ်သိန်းတမ်းဘုရားသည် သက်တော်ရှစ်သောင်းလုံးလုံး။

တစ်သောင်းတမ်းဘုရားသည်လည်း သက်တော်



ရှစ်ထောင် လုံးလုံး။

တစ်ရာတမ်းဘုရားသည်လည်း သက်တော်ရှစ်ဆယ်လုံးလုံး။ ထိုလုံးလုံးတို့အထဲတွင် အချိန်၏နေ့ရက် ၂၄-နာရီလုံးလုံး ထပ်ပိုးထည့်သွင်းကာ ထိုအားလုံးတို့၌ပင် ဝေနေယျတို့၏ စိတ်ဖြင့်သာ နေတော်မူကြ၏။

ဘုရားရှင်များ၌ အမှတ်မဲ့နေသည်မရှိ။ သို့ကြောင့် အချိန်ပြည့် စိတ်အလုပ်လုပ်နေသော မနောမယ ပညာရှင်ကြီးများတည်း။

ထိုဘုရားရှင်သည် အချိန်တို့ကို ပိုင်းဝေလျက်က လောကဘက် မျက်နှာမူထားရာ လောကသားတို့ နိုးထရာ ကာလ၏ တဲတဲအလိုဖြစ်သော နံနက်အရုဏ်တက်တွင် . . . ယနေ့ မည်သူသည် ကျွတ်ထိုက် ချွတ်ထိုက်နေပြီနည်း။ထိုသူ၏ အလို၊ အကြိုက်၊ ဉာဉ်၊ ဝါသနာ၊ စရိုက်က အဘယ်နည်း။ ထိုသူနှင့် လိုက်ဖက်ရာ ဒေသနာစဉ်ကား အဘယ်နည်း။ ထိုနည်း သုံးနည်းတို့ဖြင့် ကမ္ဘာပေါင်း တစ်သောင်းအတွင်းရှိ လောကသားတွင်း၊ **သဗ္ဗညုတဉာဏ်** သိသင့်သည်မှန်သမျှ တစ်စမကျန် သိစေတော်မူသော ဉာဏ်တော်။ **အနာဝရဏဉာဏ်** မည်သည့်နေရာမဆို အဆီးအတားမရှိ ကြည့်နိုင်စွမ်းရှိသော ဉာဏ်တော်များကို အသုံးချတော်မူကာ မွေ့နှောက် ထိုးဖောက်၍ (မြေလှန်စနစ်ပမာ သုံး၍) ရှုကြည့်မြဲ ဖြစ်တော်မူ၏။

ဤနေရာ၊ ဤကမ္ဘာမှ ဤလူသား ကျွတ်ထိုက်ရှိဖြစ်နေပြီ။ ထိုသို့သိခြင်း နံနက်နေတက်ဖြင့် အလင်းရောက်သည်နှင့် ထိုနေရာ ထိုကမ္ဘာရှိ ထိုလူသားထံ သွားရောက်ကာ အတည့်မူလီသွတ်ဖြင့် ချွတ်ပေးတော်မူမြဲပင်ဖြစ်၏။ ဤသည်မှာ အဝေးရှိ ဝေနေယျတို့အား ချွတ်မြဲဓမ္မတာ အချိန်တည်း။

နီးသောဝေနေယျ (ရဟန်း သာဝက စသည်)တို့အတွက်ကား အချိန်သီးခြားမရှိ။ အမြဲလည်း ထိုင်စောင့်မနေနိုင်။ သို့ကြောင့် သာဝကတို့နှင့် လိုက်ဖက်သော ကျင့်နည်းကို ဦးစွာပေးသနားတော်မူလိုက်၏။

ထို့နောက် အကျင့်၏အပွင့်ကြောင့် ရင့်၊ မရင့် ဆင်ခြင်ကြည့်တော်မူ၏။ ရင့်နေပြီ၊ ပွင့်လောက်ပြီဆိုသည်နှင့် ချက်ချင်းမဆိုင်း ထိုသူနေရာ တော သို့မဟုတ် တောင် သို့မဟုတ် ဆိတ်ငြိမ်ရိပ်သန့်သို့ ကြွရောက်တော်မူကာ ကျင့်စဉ်နှင့် ဉာဏ်တို့အကြားပေါင်းကူးတံတားပမာသော သုတဉာဏ်၊ စိန္တာဉာဏ်အဖွင့်ဒေသနာတော် ဉာဏ်ရည်မြင့်ဖြင့် ဆင့်၍ဆင့်၍ ဖွင့်ပေးတော်မူမြဲဖြစ်၏။

သို့ကြောင့် ဘုရားဖွင့် မပွင့်သည်မရှိ။ ထိုသို့ကြွရောက်ဖွင့်ပေးတတ်မြဲ ရှိချေရာတွင် ထိုထိုသာဝကများ နိသီဒိုင် (နေထိုင်ရာအခင်း) ခင်းချိန် မရလောက်အောင် ရုတ်တရက် ကြွလာတော်မူမြဲ ဖြစ်နေ၍ သစ်ပင်ရင်းဖြစ်စေ၊ တောရိပ်၌ဖြစ်စေ၊ တရား



ဝင်စားတော့မည်ဆို မဝင်စားမီ ကပင် ထိုထိုသာဝကများသည် “ဘုရားရှင် ကြွလာတော်မူပါက ထိုင်ရန်ပါဘုရား။”ထိုသို့ ကြံရွယ်ကာ မိမိတို့၏ရှေ့ နိသီဒိုင် အပိုခင်းထားရမြဲ ဆို၏။ မည်မျှဝေနေယျတို့အပေါ် အရေးထား၍ မည်မျှမြောက်စားသော ဘုရားပေနည်း။ သူ့တွက် စည်းစိမ်မခံစံ၊ အများစည်းစိမ်ခံရန် မည်မျှအနစ်နာခံသော ဘုရားပေနည်း။

တစ်ဖန် နီးသော သာဝကတို့တွင် သာသနာတော်၏အမွေ မိမိ, မိမိတို့၏ သဒ္ဓါအခြေ စေတနာအနေတို့နှင့် ထိုက်တန်စွာ အချို့ကား ဒါနမျှလောက်သာ အမွေခံယူကြ၏။ အချို့ကား သီလလောက်အထိ အမွေခံယူသူလည်း ရှိကြ၏။

ထိုသို့သော ဝေနေယျအနုစား၊ လက်ဝေခံသမားလေးများအတွက် ချီးမြှောက်တော်မူသောအားဖြင့် နံနက်တိုင်း နောက်ပါသံဃာများနှင့်အတူ ဆွမ်းခံတော်မူမြဲဖြစ်၏။

လက်ရင်းသက်နု ထိုလက်ဝေခံ ဒါနသမားအုပ်စုတို့ကား မိမိ မိမိတို့ဒေသ ဘုရားရှင်ကြွလာတော်မူလေတိုင်း. . . နံနက်ပိုင်းတွင် အရုဏ်မှာဆွမ်းပို့၊ နေ့ဝယ် ဆွမ်းလောင်းဝတ် မချွတ်ကြ။ ညပိုင်းတွင်ကား ဆီမီး၊ ပန်း၊ ရေချမ်းပို့၊ ကျောင်းတော်သို့ လာမြဲဝတ် မချွတ်ကြ။

ထိုစဉ် . . . နံနက်၏ဒါနကား ဘုရားရှင်နှင့်သံဃာအား လုပ်ကျွေး မွေးမြူခြင်းဝတ်တည်း။ ည၏ဒါနကား ဘုရားထံမှ



တရားသံ နာခံကြကာ ကာမစိတ် သွေးတိတ်စေသောဝတ်တည်း။

သာဝတ္ထိကဲ့သို့သော လက်ရင်းသက်နုတို့မှာမူကား. . . သာဝတ္ထိပြည်သူ၊ ပြည်သားတို့သည် စစ်တိုက်ရင်းကုန်ထုတ်၊ ကုန်ထုတ်ရင်း စစ်တိုက်ဟူသော ဆောင်ပုဒ်ပမာ အိမ်ထောင်ကျ အချုပ်ခန်းတွင်းဝယ် ကိုယ့်ဝမ်းစာ ကိုယ်ရှာ၊ ကိုယ့်အိမ်ယာ ကိုယ်ဆောက်လျက်ကပင် သတိလက်မလွှတ် ကမ္မဋ္ဌာန်းကျင့်ဝတ်ဖြင့် နေထိုင်ကြလေရာ ည၏တရားပွဲပြီးသည်နှင့် နေ့က မိမိတို့ တွေ့သိခဲ့ရသည်များကို ဘုရားထံ အစစ်ခံကြ၏။

ဘုရားထံမှ ပြင်ပေးသောအတိုင်းလျှင် ဆက်လက်၍ ကျင့်သုံးနေထိုင်ကြလေ့ရှိ၏။ ဘုရားထံမှ တင်ပေးသောအတိုင်းလျှင် အရိယာဇာတ်တွင်း ချဉ်းနင်းနေထိုင်လေ့ရှိကြ၏။

ထိုသာဝတ္ထိပြည်သူ၊ ပြည်သားတို့ကား ဒါနအမွေ၊ သီလအမွေတို့ဖြင့် ကာမအမွေ ရယူရုံမျှ မဟုတ်ကြဘဲ သမထ၊ ဝိပဿနာတို့၏ စရဏ ဝိဇ္ဇာအမွေတို့ဖြင့်လည်း ဓမ္မအမွေကိုပါ ယူလေ့ရှိကြရာ ယင်းတို့ကား တစ်ခါတည်း နှစ်ထုပ်ကိုင် အမွေဆိုင်များပေတည်း။ ယင်းတို့ကား တစ်ခုလုပ် နှစ်ခုဖြစ်စေသော ဖဝါးလက် နှစ်ဖက်ပြိုင်များပေတည်း။

သို့မဟုတ် သာသနာနှင့်ကြုံကြိုက်ရာ၏ လူ့အခွင့်ရေး တင်းပြည့်ယူတတ်သူများ။

❖

## ဥယျာဉ် ခြံပိုင်ရှင်ကြီးများ၏ လုပ်ထုံး ဓမ္မတာပမာ

ဘုရားရှင်၏. . . ထို အဝေးနေ သက်ရင့်တို့အပေါ် ပြုစုမြဲဓမ္မတာတော်ကို လေ့လာလျှင်သော်လည်းကောင်း၊ အနီးနေ သက်ရင့်၊ သက်နုတို့အပေါ် ပြုစုမြဲဓမ္မတာတော်ကို လေ့လာလျှင်သော်လည်းကောင်း၊ မဟာကရုဏာတော်၏ သဘာဝကား အတိုင်းသားကြီးပင် မြင်တွေ့နေရပါမည်။

သည်နေရာ ဥယျာဉ်မှူးတစ်ဦး၏အကြောင်း ပုံဆောင်းပြလိုသည်။ ဥယျာဉ်မှူးသည် သူပိုင်ဆိုင်ထားရာ မြေမှန်သမျှ အကြားအလပ်ဟူ၍မထား သီးစားပင်များချည်း စိုက်ထား၊ ပျိုးထားကာ မြေရှိသလောက် အပင်ပေါက်စေ၏။ မြေဆီရှိသလောက်လည်း အပင်သောက်စေ၏။ မြေနှင့်အပင် သားနှင့် မိခင်ပမာ ယှဉ်ပေးထား၏။

ထိုဥယျာဉ်မှူး . . . မျိုးစေ့မပေါက်ခင်က ပင်ပျိုးအဖြစ်ဖြင့် စနစ်တကျ ရေလောင်းပေး၏။ ပျိုးပင်အဖြစ် ရောက်လာလျှင်လည်း စိုက်ပင်အဖြစ် စနစ်တကျ ကူးပြောင်းကာ ရေလောင်းပေး၏။ စိုက်ပင် အညွန့်တိုး အခက်လက်ဖြိုးလာလျှင်လည်း မြေတောင်မြှောက်ပေးကာ ရေလောင်းနေပါ၏။

ထိုသစ်ပင် သူ့ပင်ကိုယ်သဘာဝအလိုက် အမြစ်စိုက်လျက်



က မြေဆီရည် နှိုက်၍ မစားတတ်သေး၊ မသောက်တတ်သေး အထိ ထိုဥယျာဉ်မှူး အကူလိုက်ရသည်။ ထိုသစ်ပင် သူ့ပင်ကိုယ် သဘာဝအလိုက် မြေဆီပေါ် အမြစ်စိုက်လျက်က မြေဆီ၌ရှိသော သူ့အစားအစာ စားလာတတ်ပြီဆိုမှသာ မြေတောင် ရေလောင်း ရပ်တော့သည်။

တစ်ဖန် ထိုမှတစ်ဆင့် အရွယ်ရင့်၍ ပွင့်ချိန်၊ သီးချိန် တန်လာပြီဆိုလျှင်ပင်. . . ထိုဥယျာဉ်မှူး မိမိပျိုးစိုက် မြေလိုက်ရေပေး ပြုစုပေးထားသော ထိုအပင်များမှ ထိုအပွင့်ကလေးများကို ကြည့်၍ ကြည့်၍လည်း ပီတိ အားဖုံး တပြုံးပြုံးလည်း ရှိနေ၏။ ရိုးတံမှထွက် အပွင့်သစ်တို့၏ ထိုအသစ်စက်စက်ကလေးများကို ပိုးမဖျက် ငှက်မဆော့ရန်လည်း ထိုပိုး၊ ငှက် စသည်ရန်များမှလည်း အကာအကွယ်ပေးလျက်က ရှိနေ၏။

သို့တိုင်လည်း. . . အချို့ ပွင့်ဦးစကပင် ကြွေ၏။ အချို့ ပွင့်လတ်၊ အချို့ ပွင့်ရင့် အရွယ်ရ ကြွေကျ၏။ လေထန် ကိုင်းလှုပ် အရွက်တို့၏ ပုတ်ခတ်ခြင်းကို မခံနိုင်သောကြောင့် . . .။

အချို့ကား မိမိကိုယ်တိုင် အညှာခိုင်သောကြောင့်လည်း ကြွေလွင့်ရာသို့ ထိုးမဝင် သီးကင်းအဖြစ် အဖတ်တင်လာ၏။ အချို့ကား ဥယျာဉ်မှူး၏ ဂရုတစိုက် အကာအကွယ်လိုက်မှု ကြောင့်ပင် ကြွေလွင့်ရာထဲ ရောမပါ အဖတ်တင်လာ၏။

ထိုစဉ် အညှာဆိုင်လျက်က သီးကင်းခိုင်ကို မြင်လိုက်ရ



သည်နှင့် ထိုဥယျာဉ်မှူးခမျာ ပင်ခြေရင်းမှပင် မခွာပြီ။ အပွင့်ဖျက် ထက် အသီးဖျက်က ပို၍လည်း ထိခိုက်၊ ပို၍လည်း နောက်ပိုး လိုက် များနေခြင်းကြောင့်. . . ။

သို့တိုင်လည်း. . . အချို့ သီးကင်းစဖြင့်ပင် လေလှုပ်၍ ပြုတ်ကျရ၏။ အချို့ အညှာရင့်မှပင် ကျိုး၊ ငှက်တို့အဖျက်ကြောင့် ပျက်ကျရ၏။ အချို့ ရင့်မာကြီး အဖြစ်မှာပင် အနာဝင်ကာ ပုပ်ကျရ၏။ ပွင့်တိုင်း၊ သီးတိုင်း အောင်မြင်ဖြစ်ထွန်းလာဖို့ကား အလွန် ခက်ခဲလှပါဘိ။

ထိုမှကျန်သော ညှာတံရင့်ကျက် ပိုးမဖျက်သော အသီးများသာ ဆန်ကာတင်အဖြစ် ပင်မြင့်ဝယ် ဝင့်ထည်လျက် နေနိုင်ခွင့်ရှိကြသည်။

ဥယျာဉ်မှူးကြီးသည် ထိုဥယျာဉ်တွင်းမှာပင် တဲထိုးနေတော့၏။ နံနက်လင်းသည်နှင့် ဥယျာဉ်ခင်းကြီးအတွင်း လှည့်လည်ကာ အပင်နှင့်အသီးတို့၏ တည်နေပုံများကိုလည်း အရိပ်ကြည့်၏။ တိုးတက် ကြီးထွားနှုန်းကိုလည်း အကဲကြည့်၏။ ခြေရာလက်ရာ ပျက် မပျက် ကိုလည်း ဆက်လက်လေ့လာ၏။

ပွင့်ချိန်မှ သီးချိန်၊ တစ်ဖန် သီးချိန်မှ မှည့်ချိန်သို့ရောက်လာပြီ။ ထိုအချိန်ကား ဥယျာဉ်မှူးကြီး အလုပ်များရသော အချိန်ပင် တည်း။

ထိုဥယျာဉ်မှူးကြီး နံနက်လင်းသည်နှင့် သူ့လက်ထဲဝယ်

တံချူပါ၏။ သူ့ပခုံး၌ကား ပလိုင်းတစ်လုံး ချိတ်လျက်သားပါ၏။ သို့နှင့်ပင် ဥယျာဉ်ရိုးပေါက် နှံ့နေအောင် လျှောက်ရပြီ။ ကိုင်းကြို ရွက်ကြားမကျန် စိုက်မျက်စိဖြင့် ဖွေလှန်ရှာဖွေရပြီ။ အနု၊ အရင့်၊ အမှည့် တိကျစွာ မှတ်သားလျက်က တွက်ချက် နေရပြီ။

ဤအသီးကား ဆွတ်ချူပြီးသည်နှင့် မှည့်မည့် အသီးပေပဲ ဟူ၍တည်း။ ဤအသီးကား ဆွတ်ချူပြီးနောက် အပူဆောင်း အလုပ် အုပ်ပေးသည်နှင့် မှည့်မည့်အသီးပေပဲ ဟူ၍တည်း။ ဤ အသီးများ ကား ရင့်ကျက်ချိန်လိုသေး၍ ပင်ထက် ဆက်ထား ရဦးမည့်အသီးများပေပဲ ဟူ၍တည်း။

ထိုသို့ စနစ်တကျ မှတ်သားပြီးစီးသည်နှင့် ကိုင်းလည်း မပျက်၊ အရွက်လည်းမနာ၊ သူ့အညှာနှင့်သူ့အသီး ထီးထည်း ချည်း ပါလာစေရန် တံချူ ချိတ် ကျွမ်းကျင်စွာဖြင့် လက်ထဲရောက် က မှည့်မည့်အသီးနှင့် အုပ်ကျင်းထဲ ခဏထည့် မှည့်မည့် အသီး များကိုသာ ရွေးချယ်ကာ ချိတ်ဆွဲ ဆွဲယူ၏။ တံချူမှရှင်း ပလိုင်း ခြင်းထဲသို့ တန်းဝင်စေ၏။ နုလွန်းသောအသီး အုပ်၍မှည့်သော်မှ ပိန်မှည့် မှည့်မည့်အသီးများ လက်ဖျားနှင့်မျှ မတို့ပြီ။

ဘုရားရှင်သည်လည်း ထိုဥယျာဉ်မှူးကြီးပမာ သဒ္ဒါမရင့် သေးသူများအား ဒါနအမွေ သီလအမွေများ ပေးသနားတော် မူကာ ရေလောင်းခြင်း၊ မြေတောင်မြှောက်ခြင်းအမှု ပြုစုတော် မူ၏။



သဒ္ဒါရင့်၍ ပွင့်လာခဲ့ပါသော် သစ္စာအထွဋ် တပ်ထားသော ဒါနကထာ သီလကထာ စသည် ဒေသနာစဉ်များဖြင့် သီးလာရန် ပြုစုမွမ်းမံတော်မူရပြန်ပါ၏။

သဒ္ဒါရင့်၍ ဝီရိယ၊ သတိ စသည်တို့ပါ ဆင့်ဆင့်လာပါ သော်ကား . . . အဝေးဖြစ်ပြီး ပွင့်သီးရင့်မှည့်ရန် သေချာနေပါက နံနက်အရုဏ်တက်ချိန်တိုင်း ရှုကြည့်၍ အချိန်တိုင်း သွားရောက် ဟောချွတ်တော်မူ၏။ အနီးဖြစ်ပြီး ပွင့်သီးရင့်မှည့်နေသူကိုကား အမြဲစောင့်၍ အမြဲလှည့်သွားရောက်ကာ ဟောချွတ်တော်မူ၏။

လောကအတွက် အာရုံပြု၍ ဖြည့်ကျင့်ခဲ့သော ထိုဘုရား သည် ပွင့်ရာကာလ၌လည်း အချိန်ပြည့် လောကဘက်သို့သာ မျက်နှာမူ၏။

"လောကမှ လွတ်မြောက်ရေးကိစ္စ ပြီးစီးမှသာ ငါ့ကျေးဇူး ဆပ်ရာ ရောက်မည်"ဟူသောထိုစကားက ထိုဘုရား၏ ထိုမျက်နှာ မူထားရာဘက် ကွက်ခနဲပေါ်ချေပြီ မဟုတ်လော။

ဤကား ဘုရားရှင်၏ နံနက် အရုဏ်တက် ပြုဖွယ်ကိစ္စ တည်း။

❖



## အချိန်ဖြင့် ချိန်ထားသော ထိုဘုရား

'အချိန်'ဟူသော စကားသည် ကာလကိုလည်း ညွှန်းဆို၏။ ခြင်ခွက်ကိုလည်း ညွှန်းဆို၏။ ပစ်မှတ်သုံး လက်နက်ကိုလည်း ညွှန်းဆို၏။ မည်သည့်အရာဖြင့် ညွှန်းဆိုနေနေ . . .

ဘုရားရှင်၏ ဉာဏ်စီးစိတ်တော်ကား လောကသားများ ဘက် ချိန်လျက်ချည်းသာ။ ဆိုခဲ့ပြီး နံနက်အရုဏ်ခင်း သဗ္ဗညုတ ဉာဏ်တော် အနာဝရဏဉာဏ်တော်ကြီးဖြင့် လောကတွင်းသို့ ချဉ်းနင်းထိုးဖောက် ဝင်ရောက်တော်မူပြီး ကျွတ်ထိုက်သူကို ဖွေရှာ၏။ တွေ့သည်နှင့် အချိန်ဖြင့်ချိန်ကာ ကြွသွား ချွတ်တော် မူ၏။

နေမြဲနေရာ၌လည်း အရုဏ်ဆွမ်း အလှူကို လက်ခံတော် မူရခြင်း၊ အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရခြင်းကိစ္စ များ ဆောင်ရွက်တော်မူ၏။ ပြီးစီးသော် ဆွမ်းခံမကြွမီ ဂန္ဓကုဋီ တိုက်တော်တွင်းသို့ ဝင်ရောက်တော်မူကာ လောကကို ရှုမျှော် ခြင်း၊ ဖလသမာပတ်ဝင်စားခြင်း၊ လိုအပ်သော နေရာဒေသဆီသို့ တစ်ကိုယ်တည်း ကြွရောက်ခြင်း၊ ပွင့်သင့်သော ဝေနေယျအား ဖွင့်သင့်သောတရားဖြင့် ဖွင့်ပေးတော်မူခြင်းဖြင့် နံနက်ပိုင်း အချိန် ကုန်လွန်စေ၏။

ထို့နောက် ဆွမ်းခံချိန် ကျရောက်လာပြီဖြစ်သဖြင့် နောက်ပါသာဝကများ ခြံရံကာ မြို့တော်တွင်းသို့သော်လည်းကောင်း၊ နိဂုံးတွင်းသို့သော်လည်းကောင်း၊ ရွာတွင်းသို့သော်လည်းကောင်း ဆွမ်းခံကြွတော်မူ၏။

ကျောင်းတော်သို့ ပြန်လည်ရောက်ရှိသည်နှင့် ကျောင်းတော်ပေါ်သို့ မတက်မီ ခြေဆေးခုံပေါ်၌ ရပ်တန့်တော်မူကာ သာဝကတို့က ခြေတော်အား ဆေးကြောသန့်စင်ပေးနေကြပါသည်ကို ခံယူတော်မူ၏။

ထိုသို့ ခံယူလျက်ကပင် "ရဟန်းတို့. . . သည် ကြံ့တောင့်ကြံ့ခဲသော အခွင့်ထူးကြီးငါးမျိုးကို ဘယ်အခါမှ မမေ့ကြလေနှင့်။" မမေ့သင့်သော ထိုအခွင့်ကောင်းကြီး ငါးမျိုး ဆိုသည်မှာ-

လောကမှာ ဘုရားဖြစ်ပွင့်နေသော အချိန်အခါသည်လည်း မမေ့ကောင်း။ လောကမှာ လူ့အဖြစ် ရောက်လာရသော အချိန်အခါသည်လည်း မမေ့ကောင်း။ ထိုလူဖြစ်ချိန် သဒ္ဓါ ဖြစ်ပွင့်လာသောအခါသည်လည်း မမေ့ကောင်း။ ထိုသဒ္ဓါဖြစ်ပွင့်ချိန် အကျွတ်အလွတ် ဖြစ်ခွင့်သာသောအခါသည်လည်း မမေ့ကောင်း။ ထိုမမေ့ကောင်းလေးမျိုး တိုးမိချိန် တကယ်အကျွတ်အလွတ်သမား၏တရား နာကြားခွင့်ရရာ အချိန်အခါသည်လည်း မမေ့သည်ထက် မမေ့ကောင်း။ ထိုဒုလ္လဘ(အလွန်ရခဲလွန်းလှသော) အခွင့်အခါ ငါးမျိုးကို နေ့စဉ်နေ့တိုင်းပင် သာဝကရဟန်း



တို့အား သတိပေးတော်မူ၏။

ထိုသတိပေးခြင်းသည် . . . လက်ရင်းတပည့်များဖြစ်ကြပါလျက်က ထိုကာလများနှင့် ကြုံကြိုက်ရာတွင် ပေါ့ပွင့်လေ့ရှိသော အကျွတ်အလွတ်ဘာဝ မရကြမှာစိုးသောကြောင့်. . .။

ထိုမှနောက် ကျောင်းတော်ပေါ် ရောက်သောအခါတွင်လည်း အဝေးမှ အနီးမှ လာရောက်ဖူးမြော်ကြသူများအား သင့်ရာအနုမောဒနာများ ဟောကြားရသောအခါလည်း ရှိ၏။ တစ်ပါးတည်း ကိန်းအောင်းလျက်က လောကကို ရှုမျှော်ခြင်း၊ ဖလသမာပတ် ဝင်စားခြင်းဖြင့် နေသောအခါလည်းရှိ၏။

ဆွမ်းစားချိန် ကျရောက်လေသောအခါ ပရိသတ်တို့၏ ရှေ့မှောက်မှာပင် ဆွမ်းဘုဉ်းပေးတော်မူ၏။ ပြီးသော် ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူရ၏။

ပြီးသော် တစ်နေ့ခင်း တစ်ပါးတည်း ကိန်းအောင်းခြင်းဖြင့် အချိန်လွန်စေ၏။ ထိုတစ်ပါးတည်း ကိန်းအောင်းနေစဉ် အတွင်းမှာပင် တောတောင်များ၌လည်းကောင်း၊ သစ်တစ်ပင် ဝါးတစ်ပင်ရင်းများ၌လည်းကောင်း၊ ဆိတ်ငြိမ်ရိပ်သန့် နေရာများ၌လည်းကောင်း၊ တစ်ပါးတည်း ဧကစာရီအဖြစ်ဖြင့် ဘုရားထံမှ နည်းတောင်းကာ ကျင့်ပွားနေသော ရဟန်းများထံသို့လည်း ကြွရောက်၍ ဟောချွတ်ရသည် လည်းရှိ၏။ ရံတစ်ခါ အင်္ဂုလိမာလကဲ့သို့သော ပစ္ဆိမဘဝိက(သည်ဘဝသည် သူ့အတွက်



နောက်ဆုံးသောလူသား)မျိုးက ပဥ္စာနန္တရိယကံ ကျူးလွန်တော့မည်ဆဲဆဲ ဝင်ရောက်၍ ကယ်တင်ရသည်လည်းရှိ၏။ ရံတစ်ခါ မာဂဏ္ဍီပုဏ္ဏားလင်မယား၊ ဘာရဒွါဇပုဏ္ဏား စသည်များ ကဲ့သို့သော တစ်ချက်အုပ်ဖြင့် မှည့်မည့် သီးရင့်ကြီးများပမာ ပါရမီအဆင့် ရင့်နေသူများရှိရာသို့ ကြွရောက်၍ ချွတ်ရသည်လည်းရှိ၏။

စင်စစ် ထိုတစ်ပါးတည်း ကိန်းအောင်းရာကာလသည် လောကကြီးအား ကာလဖြင့်၊ ချိန်ခွက်ဖြင့်၊ ပစ်မှတ်ဖြင့် ချိန်သောအချိန်မျိုးပင်တည်း။

ညနေ နေမဝင်မီ(လေးနာရီခန့်) အချိန်တွင်ကား. . . ချိုးရေများ သုံးသပ်တော်မူ၏။ ပြီးသည်နှင့် ဂန္ဓကုဋီအပြင်ဘက်သို့ ထွက်ကြွတော်မူကာ ရဟန်းပရိသတ်အား အဖူးခံ အတွေ့ခံ၏။ မေးသောအမေးများ ဖြေ၏။ တောင်းသောနည်းများ ပေး၏။ ဆုံးမသင့်သောအရာများ ဆုံးမ၏။

ညနေ နေဝင်ပြီ။ လူပရိသတ်များ ရောက်လာကြပြီ။ ထိုလူပရိသတ်များသည် ရဟန်းများနှင့်အပ်စပ်ရာ ဆေးကို လည်းကောင်း၊ အဖျော်ကိုလည်းကောင်း ကပ်ကြရာ ဘုရားရှင် အလှူခံတော်မူကာ သုံး၏။ ရဟန်းများကိုလည်း သုံးစေ၏။ သောက်ရေသုံးရေများ ကပ်လှူကြရာတွင်လည်း အလှူခံတော်မူ၏။ အလှူခံစေ၏။ ညမှောင်စပျိုး(ခုနစ်နာရီခန့်) ရောက်လျှင်ပင်. . . ပန်း

နံ့သာတို့ဖြင့် အသင့်ပြင်ဆင်ထားရာ ဆီမီးအလင်းရောင် တို့ဖြင့် အထူးပြုလုပ်ထားရာ ပလ္လင်တော်သို့ ကြွရောက်တော်မူကာ ထိုလူ ပရိသတ်များအား ကျွတ်ထိုက်သော ဝေနေယျ ကျွတ်ထိုက်ရာ ဒေသနာဖြင့် တန်ဆာဆင်၍ ဟောတော်မူရ၏။

လူတို့တရားနာချိန် ပြီးစီး၍ ပြန်လည်ထွက်ခွာသွားကြ သည်နှင့် ကျောင်းတော်တွင်းဝယ် နည်းခံကာ ကျင့်နေကြသော ရဟန်းတော်များအား အဖူးတွေ့ခံ၏။ လျှောက်ထားသမျှ ဖြေကြားပေးရ၏။ အာရုံမှားနေလျှင် တည့်ပေးရ၏။ အာရုံမှန် နေက တွန်းပေးရ၏။ သဒ္ဓါ ဝီရိယ တက်ကြွခိုင်မာစေသော ဒေသနာတော်ဖြင့်လည်း လမ်းခင်းပေးရသေး၏။

ညဥ့်နက်ပိုင်းသို့ ရောက်လာပြီ။ည၏တိတ်ဆိတ်ချိန် (ဆယ်နာရီခန့်သို့) ရောက်လျှင်ပင် မြေအပြင်ရှိ ရုက္ခစိုး၊ ဘုမ္မစိုး စသူ အောက်နတ်များ လာရောက်ဖူးမျှော်ခြင်း၊ မေးလျှောက်ခြင်း၊ တရားနာယူခြင်းများကို လက်ခံတော်မူကာ အဖူးတွေ့ခံရ၏။ ဖြေကြားပေးရ၏။ ဟောကြား၏။

သန်းခေါင်ယံသို့ ရောက်လာပြီ။ ကောင်းကင်နေ သိကြား နတ်မင်းကြီးနှင့်တကွသော သမ္မာအယူရှိ နတ်အများ ဆင်းသက် လာကြကာ ဖူးမျှော်ခြင်း၊ မေးလျှောက်ခြင်း၊ တရားနာကြားခြင်း များကိုလည်း လက်ခံတော်မူပြီး အဖူးခံ အတွေ့ခံရ၏။ ဖြေကြား ရ၏။ ဟောကြား၏။



သို့နှင့် မိုးသောက်ပိုင်းဘက် ကူးထွက်လာပြီ။

ည၏(နှစ်နာရီမှ လေးနာရီအတွင်းခန့်) နောက်ဆုံးအပိုင်း ရောက်သည်နှင့် ဗြဟ္မာ့ဘုံရှိ အနာဂါမ်နှင့် အရိယာဗြဟ္မာကြီးများ ဆင်းသက်လာကြကာ ဖူးမျှော်ခြင်း၊ မေးလျှောက်ခြင်း၊ နာကြားခြင်းများ ပြုလုပ်ကြပြန်ရာ ထိုဗြဟ္မာမင်းကြီးများအား လည်း အဖူးခံ အတွေ့ခံခြင်း ဖြေကြားပေးရခြင်း ဟောကြားရ ခြင်းများ ပြုလုပ်ပေးရ၏။ သို့နှင့်ပင် နံနက်လေးနာရီခင်း အာရုံကျင်းသို့ ရောက်လာရချေပြီ။

ထိုအခါ ခေတ္တမျှ စတုတ္ထစျာန်ဝင်စားလျက်က (ယင်းစျာန် သည် ဥပေက္ခာ ဧကဂ္ဂတာ စိတ်နှစ်မျိုးမျှရှိရာ ခန္ဓာနှင့် လောက အား စိတ်တော်တွင်းမှဖယ်ရှား၍ တည်နေ ကြည်နေသော တစ်ခုထီးတည်း စိတ်ဖြင့် နေနိုင်ခြင်းသတ္တိစွမ်းရှိ၏) မိမိကိုယ်ခန္ဓာ ၏ ပင်ပန်းခြင်းကို အနားပေးတော်မူ၏။

ပြီးသည်နှင့်. . . အရုဏ်ကျင်းချိန်ဝယ် လောကကြီး၏ အတွင်း ယနေ့ ကျွတ်ထိုက်သူများရှိရာသို့ အနာဝရဏဉာဏ် သဗ္ဗညုတဉာဏ်တော်ဖြင့် ချဉ်းနင်းမွှေနှောက်ကာ ကြည့်မြဲ အတိုင်း ကြည့်တော်မူရပြန်သည်။

ဘယ်မှာလဲ သူတွက်၊ ဘယ်မှာလဲ သူချမ်းသာ၊ ဘယ်မှာလဲ သူသက်သာ။ ထိုမျှအထိ မေတ္တာကရုဏာကြီးမားသောဘုရား လောကဝယ် သူတစ်ပါးတည်းရယ်သာ။



အချိန်မှန်သမျှ လောကအတွက်ချည်း ဖြစ်နေသော ထိုဘုရား၊ ဒုလ္လဘတန်ဖိုး သိနားလည်နေကြသော လူသားများက လည်း ဘုရားကို ပြန်ချိန်နေကြ၏။ ဘဝနှင့်ဓမ္မတန်ဖိုး သိနားလည် နေကြသော နတ်များကလည်း ဘုရားကို ပြန်ချိန်နေကြ၏။ ခဏနှင့် လယတန်ဖိုး သိနားလည်နေကြသော ဗြဟ္မာများက လည်း ဘုရားကို ပြန်ချိန်နေကြ၏။

ဘုရား၏ချိန်ခြင်းကား ကျွတ်ထိုက် မကျွတ်ထိုက်ကိုတည်း။ လူ၊ နတ်၊ ဗြဟ္မာတို့၏ချိန်ခြင်းကား ဖူးတွေ့ချိန် ရရန်ကိုတည်း။

ထိုမျှအထိ ဘုရားရှင်သည် ဝေနေယျ (အဓိကလူသား များ)တို့အကြား ဉာဏ်ကျက်စားနေသော်လည်း၊ လောကသား များဘက်မှာမူကား . . .

အနတ္တကို အတ္တဖြင့် အတိုက်အခံလုပ်လျှက်ကလည်း ကောင်း၊ ဒုက္ခကို သုခဖြင့် အတိုက်အခံလုပ်လျှက်ကလည်း ကောင်း အနိစ္စကို နိစ္စဖြင့် အတိုက်အခံ လုပ်လျှက်ကလည်း ကောင်း တစ်စင်ထောင်၍ ပြောင်လှောင်ခြင်း၊ တစ်စင်ထောင်ရာ နောက် လိုက်ပါအားပေးခြင်းများဖြင့် တစ်ကမ္ဘာလုံး မဆိုထားဘိ၊ တစ်တိုက် တစ်ပြည်မှာပင် လူတိုင်းစေ့ အိမ်တိုင်းစေ့ မခိုဝင်ကြ။

❖

## ဆင်မဲတူ ဆင်ဖြူဖြစ်အောင် လုပ်လို့ ရကောင်းရမည်

ဤတွင်. . . ကမ္ဘာလောကသားများ၏ စရိုက်လက္ခဏာများကို သိဖို့လိုလာပြီ။ တစ်ဆက်တည်း ပါပကမ္ဘာမှ ကာမကမ္ဘာသို့ ကူးပြောင်းလာပုံကိုလည်း သိဖို့လိုလာပြီ။

သတ္တဝါတိုင်း၏ ဘဝအစသည် မရှိရာမှစခဲ့ကြရ၏။ သတ္တဝါတိုင်း၏ ဘဝအစသည် မသိရာမှလည်း စခဲ့ကြရ၏။ ထိုတွင်. . . မရှိရာကား သတ္တဝါကောင်ဟူ၍ အလျင်က မရှိခဲ့ဖူးခြင်း၊ အစွဲဟူ၍လည်း ယခင်က မရှိခဲ့ဖူးခြင်းများပင်။ မသိရာကား ဓာတ်လေးပါးမှ စခဲ့ရခြင်း၊ ရုပ်ဘာဝမှ စခဲ့ရခြင်း၊ အဝိဇ္ဇာသိမှ စခဲ့ရခြင်းများပင်။

ထိုသို့မရှိသောရုပ်နှင့် မသိသောနာမ်တို့ ဖြစ်ပေါ်လာရန်မှာ အတိုက်အခံအားဖြင့် ဓာတ်သက်ကို ဖြစ်စေနိုင်သော မြေ၊ ရေ၊ လေ၊ မီးစုံ ကမ္ဘာမျိုးမှသာ ဓာတ်ကောင်ခေါ် သတ္တဝါအသစ်များ ဖြစ်ခွင့်ရှိ၏။

ထိုသတ္တဝါအသစ် ဖြစ်ရာ၌လည်း . . . သွေးအားအဓိကဖြင့် အသက်ဝင်ထားသော အခံဓာတ် မြေဆောင် ရေဆောင်များကား မ,ဘာဝထွန်းကားလာရပြီး လေအား အဓိကဖြင့် အသက်ဝင်ထားသော အတိုက်ဓာတ် လေဆောင်၊ မီးဆောင်



များကား ဖိုဘာဝ ထွန်းကားလာရသည်။ အစစွာ ဘဝဖြစ်စဉ်ထဲ၌ ကံကြောင့် စိတ်ကြောင့် ရုပ်၊ နာမ်၊ ခန္ဓာများ ဖြစ်ခွင့်မရကြလေသေး။ သို့ကြောင့် ကံအားဖြင့် အကြောင်းခံ အကျိုးသက်ကို ဖြစ်စေရာမှ တုံ့ပြန်လာသော မိခင် ဖခင်လည်း မရှိသေး။

အားလုံးပေါင်းသော် . . . မိမဲ့၊ ဖမဲ့ သံသေဒဇ(အညှီ) အကြားမှ ဓာတ်လေးပါးတို့ လှုပ်ခတ်အားဖြင့် အသေးစားသတ္တဝါတစ်ကောင် (တုတ်၊ ပျ၊ ပိုး၊ ရွ) ဟူ၍ ဖြစ်ပေါ်လာရခြင်း။

ထိုသတ္တဝါ၏ ဖွံ့ဖြိုးကြီးထွားနှုန်းကို ဥတုမှဖြစ်သော လေဓာတ် အခိုးဓာတ်များက အတွင်းမှ အပြင်မှနေ လှုံ့ဆော်ပေးဖြင့် အဟာရမှဖြစ်သော အရသာသတ္တိရှိ အတိုက်အခံဓာတ်များက အတွင်းမှနေ နယ်ချဲ့ပေးဖြင့် ရှင်သန်ခြင်း၊ ကြီးထွားခြင်းကို ဖြစ်စေရပါသည်။

သို့ဆိုသော် . . . ထိုသတ္တဝါများ ခန္ဓာမှ အမြဲလျှင် အစာတောင်းခံနေရော့မည်။ အစာအတွက်လည်း အမြဲ ကြောင့်ကြစိုက် နေရပါတော့မည်။

ခန္ဓာသည် ဖြစ်ပေါ်သည်မှ မသေမချင်း အလုပ်လုပ်နေသည်။ ရပ်နားခြင်းအလျှင်းမရှိ။ ထိုအခါ ရှင်သန်ကြီးထွားလာစေရန် ပြုပြင်ပေးရာမှ ကုန်သွားသောအား၊ ပြုပြင်ပေးရာ၌ အသုံးချသောအားများအတွက် အမြဲ ဝမ်းစာဖြည့်ပေးနေရပါတော့မည်။



ဝမ်းစာထည့်ပေးက နေသာခြင်း၊ ထိုင်သာခြင်း ဝေဒနာဖြစ်ပေါ်လာစေသည်။ ဝမ်းစာမထည့်ရက မနေသာခြင်း၊ မခံသာခြင်း ဝေဒနာများ ဖြစ်ပွားလာစေပါသည်။ ထိုစဉ် နေသာခြင်းဝေဒနာက လောဘဟူသော စိတ်ကို မွေးဖွားပေးပြီး၊ မနေသာခြင်း ဝေဒနာကလည်း ဒေါသစိတ်ကို မွေးမြူပေးလိုက်ပါတော့သည်။

ထိုမှတစ်ဆင့် အစာ၏ထောက်ပင့်အား၊ ခန္ဓာ၏ရင့်ကျက်အားများကိုမှီ၍ အစာမှသွေး၊ သွေးမှအသား၊ အသားမှအဆီ၊ အဆီမှအဆီခဲ၊ အဆီခဲမှ ရိုးတွင်းခြင်ဆီ၊ ရိုးတွင်းခြင်ဆီမှ သုက်သွေးဟူ၍ အဆင့်ဆင့်ဖြစ်ပေါ်လာစေရာ လောဘမှဖြစ်သော ကာမစိတ်များ ထကြွလာကြပြီ။ လောဘမှ ဖြစ်သော ရာဂစိတ်များလည်း ထကြွလာကြရပြီ။

မ,ဘာဝ၌ သွေးခိုအား ပိုလျှံလာသော် ယားယံခြင်းဝေဒနာဖြစ်ပေါ်လာပြီး ထိုဝေဒနာ ပယ်ဖျောက်လိုခြင်းကာမ၊ ထိုဝေဒနာပယ်ဖျောက်ပေးနိုင်စွမ်းရှိသော ဖိုဘာဝ၌ တပ်မက်ခြင်းရာဂများကပါ ဆင့်ပွားဖြစ်ပေါ်လာကြမည်။

ဖိုဘာဝ၌လည်း သွေးခိုအား ပြည့်ဖြိုးလာရုံမျှမက လေနှင့်အခိုးဓာတ်များကပါ ထကြွလာရကား မ,နည်းတူ ကာမ ရာဂများဆင့်ပွားဖြစ်ပေါ်လာရသည်။ အရိုးမရှိ ခန္ဓာသေးများက အားနည်း

စွာဖြစ်ပေါ်စေပြီး အရိုးပြည့်ခန္ဓာကြီးသမားများက အင်အားကြီးမားစွာ ဖြစ်ပေါ်လာစေခြင်းမျှသာ ကွာခြားကြမည်။

ခန္ဓာရှိလျှင် ခန္ဓာထိန်းသိမ်း စောင့်ရှောက်ရန်အတွက် အကြည်ဓာတ်ခွက်များ ပါလာရသည်။ အကြည်ဓာတ်ခွက်စုံရှိက အာရုံပုံရိပ်များ ဆိုင်ရာဓာတ်ခွက်သို့ ပေါ်ထင်လာမည်။ အကြည်ဓာတ်နှင့် အာရုံ ဆုံရာများ၌ သဘာဝဓာတ်သက်များ အတွဲလိုက်ပေါ်ထွက်လာမည်။ သဘာဝဓာတ်သက် အတွဲလိုက်ပေါ်ထွက်လာရာမှ ထိသိ ရုပ်နာမ်များ ထင်ရှားလာရသည်။

ထိုအခါ ရုပ်နှစ်ခုထိ (အကြည်ဓာတ်နှင့်အာရုံ) အသိတစ်ချက်ပေါ်နှုန်းတို့ဖြင့် မြင်သိ ကြားသိမှသည် သူ့သဘောစောကြောပေးနိုင်စွမ်းရှိသော ကြံသိအထိ ဖြစ်ပေါ်လာကြတော့မည်။

ထိုကြံသိသည် ပြင်ပတို့က အတွေ့ခံစားနေစဉ် ထိုတွေ့ရာအာရုံကို အတွင်းမှနေ လက်ခံကာ စုံစမ်း သုံးသပ်ဆုံးဖြတ်ပေးလေ့ရှိသည်။ ထိုကြံသိသည် အကယ်တိတိ ပြင်ပတို့က တွေ့ထိမပေးကြလေသောအခါ မိမိ၏မနောတွင်းရှိ အာရုံဟောင်းများကိုလှန်လှောကာ ပြန်ပြောင်းခံစားလေ့ရှိသည်။

ထိုမျှအထိ ရုပ်စုံ နာမ်စုံတို့ဖြင့်(အတွေ့အထိ အစုံအလင်ဝယ်) အာရုံခံစားခွင့် ရလာပြီဖြစ်သော ထိုသတ္တဝါသည်ကား. . .



အကြိုက်ကျဖြင့် အပြင် သုခ၊ အတွင်း သောမနဿ ဝေဒနာများ ပွားစီးစေပြီ။ အကြိုက်မကျဖြင့် အပြင်ဒုက္ခ အတွင်းဒေါမနဿ ဝေဒနာများ ပွားစီးလာချေပြီ။ အာရုံမမိရာမှ အပြင်ရော၊ အတွင်းပါ ဥပေက္ခာဝေဒနာများ ပွားစီးလာနေပြီ။

ထိုဝေဒနာများကြောင့်ပင် လောဘသည်လည်း အနုအရင့်အပြင်းအပျော့သို့လိုက်ကာ လောဘစိတ်အမျိုးမျိုး ပွားလာရပါသည်။ ဒေါသသည်လည်း အပြင်းအပျော့သို့လိုက်ကာ ဒေါသစိတ်နှစ်မျိုး ထိုးဝင်လာသည်။ မောဟသည်လည်း အာရုံမိမမိသို့လိုက်ကာ မောဟစိတ် နှစ်မျိုး ထပ်မံ၍ တိုးဝင်လာသည်။

ထိုသတ္တဝါများ ထိုစိတ်သုံးမျိုးတို့ဖြင့်ပင် ကျင့်စဉ်ကိုပြည်တည်လာကြသည်။ ထိုစိတ်သုံးမျိုးတို့ဖြင့်ပင် ဘယ်အာရုံ မိမိအသိရှိနေကြတော့သည်။ ထိုစိတ်သုံးမျိုးတို့ဖြင့်ပင် ဘဝ၏ကံကြမ္မာကို သာယာလာကြတော့သည်။ သို့မဟုတ် ယုတ်၊ နိမ့်စိတ်များဖြင့် စရိုက်၊ ဉာဉ်၊ ဝါသနာများ မွေးစားနေကြခြင်း။

ထိုစိတ်များကို ခြုံရုံလျက်က တွဲဖက် ဝင်ပါနေခြင်းများကား အတွေ့၌အသိ၊ အတွေ့၌ခံစားသိ၊ အတွေ့၌မှတ်သားသိ၊ အတွေ့၌စေတနာထားအသိ၊ အတွေ့၌အတည်သိ၊ အတွေ့၌ စိုးမိုးသိ၊ အတွေ့၌နှလုံးသွင်းသိများတည်း။

တစ်ဖန် အတွေ့၌ကြံသိ၊ အတွေ့၌သုံးသပ်သိ၊ အတွေ့၌



အကြီးအမှူးပြု၍အသိ၊ အတွေ့၌အားစိုက်သိ၊ အတွေ့၌နှစ်သက်သိ၊ အတွေ့ ၌ တွေ့လိုသိ များတည်း။

အထက်ပါ (ခုနစ်ပါးစု ခြောက်ပါးစု) များတို့ကား စိတ်၌ယှဉ်သော စေတသိက်များဖြစ်ကြပြီး၊ ကောင်းရာဆိုးရာရှိ ကောင်းစိတ် ဆိုးစိတ်များ အားလုံးနှင့်ပင် သက်ဆိုင်နေချေရာ နောင်ကောင်းစိတ်မွေးမြူလာလျှင်လည်း ၎င်းတို့ပါဝင်ရမည်သာ။

ဤ၌ကား လောဘ၊ ဒေါသ၊ မောဟစိတ် ကိန်းတည်လာရာမှ မကောင်းရာဘက် အသက်ဝင်သွားသော ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်များ ထူပြောလာပုံကိုသာ ပြဆိုမည်ဖြစ်ရာ ထိုတစ်ဆယ့်သုံးမျိုးလုံးတို့သည်လည်း မကောင်းစရိုက် (မကောင်းကျင့်) အားပေးသူများ အဖြစ်သာ။

ဆိုခဲ့ပြီး ထိုအသေးစားသတ္တဝါလေးများ၏ တစ်နေ့တာကာလသည် မိမိတို့ခန္ဓာဝယ် အမြဲဖြစ်ပေါ်နေသော တွေဝေငေးမောခြင်း မောဟ၊ အစာမရ ခန္ဓာပေါ် အစာဒုက္ခကျသဖြင့်ဖြစ်ရသော မခံမရပ်နိုင်ခြင်း ဒေါသ၊ တစ်ဖန် အစာရှာဖွေရလာပြန်သဖြင့် ခန္ဓာပေါ် အစားသုခကျသဖြင့် ဖြစ်ရသော နေသာထိုင်သာခြင်း လောဘတို့ကို အရင်းခံ၍ အချင်းချင်း အပြန်အလှန်ဆက်ဆံကြရာမှလည်း ထိုသုံးမျိုး တစ်မျိုးမျိုးတိုးလာစေမည်။ အချင်းချင်း မသင့်မတင့်ရာများမှလည်း ထိုသုံးမျိုး တစ်မျိုးမျိုး

တိုးလာစေသည်။

ထိုမှတစ်ဆင့်တိုး၍ မိမိ သို့မဟုတ် အချင်းချင်းတို့ကို မှီလျက်က သွေးသွင်း အားစာနှင့် သွေးလွှတ်အားဖြုန်းခေါ် အစာစားခြင်း မေထုန်မှီဝဲခြင်းဖြင့် လောဘ မှ ကာမရာဂ၊ ဒေါသ မှလည်း အာဃာတ ဗျာပါဒ အားကြီးများ တိုးပွားလာကြ တော့ကာ ဘာမဆို ကိုယ်ကြိုက်ဖို့ မကြိုက်ဖို့လောက်ပဲ သိတတ်ကြတော့မည်။ ဘာမဆို ကိုယ်ကြိုက်ရာ မကြိုက်ရာ နောက်ပဲ လိုက်ပါကြတော့သည်။

သို့ဖြင့် (အစား ကာမဂုဏ်၊ ဖို၊ မ ခိုလှုံ ကာမဂုဏ်ဖြင့်) တစ်နေ့တာ ကုန်လွန်ကြရလေရာ၊ ခန္ဓာတွင်း အပူ အပုပ်နှင့် သွေးပူ လေပူများ နေကုန်အထိ အဆမတန် စီးဆင်းနေတော့ ခြင်းကြောင့် ထိုကာမတို့ ရှာဖွေခွင့် မရသဖြင့် အကာလဆိုရသော ညကာလတွင်ကား အိပ်မောကျ မောဟစိတ်ထားဖြင့် ခန္ဓာကို လည်း ကုစား အချိန်ကိုလည်း ကျော်လွှားကြရပါသည်။

ထိုသတ္တဝါများ၌ နေ့တွင် လောဘ၊ ဒေါသခေါ် ရာဂစရိုက် ဒေါသစရိုက်များက ကြီးစိုး၍ ညတွင်ကား မောဟစရိုက်က အမြဲ ကြီးစိုးနေတော့သည်။ သို့မဟုတ် ညဆိုလျှင်အိပ်၊ နေ့ဆိုလျှင် အစာစားစိတ်၊ မေထုန်စိတ်ဖြင့် အေးရိပ်ရှာကြံခြင်း။

ထိုဘဝမျိုးကား တစ်ဘဝတည်းလည်းမဟုတ်၊ တစ်ကမ္ဘာ



သက်တမ်းမျှချည်းလည်း မဟုတ်ခဲ့ပါ။ ထိုကာလမျိုးကား ခွေး၊ ဝက်၊ ကြက်မှမဟုတ်၊ လူမှမဟုတ်၊ ဘဝမျိုးစုံအကုန်၌ပင် ဖြစ်ခဲ့ ကြပါသည်။ ထိုအခွင့်အရေးမျိုးကား ယခုမှ ရယူလိုသည်မဟုတ်၊ ဘဝအဆက်ဆက် မျှော်လင့်လျက်ကချည်းသာ။

ထိုမျှအစွဲနာနေသော စိတ်ယုတ်ကို စိတ်မြတ်အဖြစ် ပြောင်းရန်မှာ၊ ထိုမျှတွဲလာသော အကျင့်ယုတ်ကို ယခုမှ ပုတ်ထုတ်ပစ်ရန် ဆိုသည်မှာ ဆင်မဲတူကို(ပေါင်းအိုးကြီး ပေါ်တင်၍) ဆင်ဖြူတော်ဖြစ်လာစေရန် ခဝါသည်၏ လက် အပ်ကာ ပြုပြင်ပေးစေသည်ကမှ လွယ်ကူဦးမည်ထင်၏။

ဤ၌ကား . . . သာမန် သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယအားများဖြင့် မရနိုင်သည့်အပြင် ပိုတိုး၊ ပိုဆိုးလာစေနိုင်ပါသည်။ သာမန် ရုပ်ခံတတ်၊ စိတ်ခံတတ် ခိုင်မာခြင်းဖြင့်လည်း မရနိုင်သည့်ပြင် ပို၍ပင် ကဲလာစေနိုင်ပါသည်။ အတက်မှန်သမျှ အားစိုက်မှ ထိုက်ရုံလောက် ပေါက်မည့်အရာမျိုး မဟုတ်လော။ အဆင်း မှန်သမျှ မေးသာလိုက် အထိုက်ထက် ပိုလွန်းမျိုးပင် မဟုတ်လော။

**“အာရဒ္ဓ ဝီရိယေနေဝ၊ နဝလောကုတ္တရံ ဓမ္မံ၊**
**သော နသက္ကာ ကုသိတေန ဂန္တုံ”**

“လောကုတ္တရာ တစ်ပါး ကိုးပါးဟူသော ဓမ္မစက်လည်ရာ



၏ သဘာဝအထားများသည်ကား မပျင်းသော အပြင်းသမား တို့သာ သွားခွင့်ရှိသောလမ်းတည်း။”

မပြင်းသော အပျင်းသမားတို့ကား . . . သွားဖို့ နေနေ သာသာ မော့မျှော်ကြည့်ရုံမျှပင် အခွင့်မသာ။

သတ္တဝါတိုင်းတို့၏အပေါ်သို့ မောဟသည် အချိန်ပြည့် နေ့၊ ည ကျရောက်နေတတ်သောကြောင့် ထိုသတ္တဝါတို့၏ ကျင်လည်ရာ ဘဝသည်လည်း တိရစ္ဆာန် အများဆုံး။

ထိုတိရစ္ဆာန်ဘဝ တစ်ရာလောက်မျှ မောဟအား ပြင်းရှုနေ သလောက် ရောက်ကြရပြီးမှ တစ်ဖက်သို့ ကူညီထားသော မျှတအားကြောင့် လူ့အဖြစ်ကား တစ်ဘဝ။

လူကား ထိုမျှအထိ ဖြစ်ခွင့်ရ အားနည်းလျှင် ထိုဖြစ်ခွင့်ရ လူ့ဘဝ ဖြစ်လာကြရသည့်တိုင် အရွယ်အားဖြင့်လည်း စရိုက်ဆိုး တို့ဘက်ကသာ အားသာ၏။ အချိန်အားဖြင့်လည်း နည်းတူပင် ရှိ၏။ လူဖြစ်သော်မှလည်း ဘဝတိုင်း အကောင်းမျိုး တိုးဝင်လေ့ မရှိ။

သို့ကြောင့် အားကြီးမားသော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ တို့ဖြင့် ပြုပြင်ယူရဲမှသာ ရာဂစရိုက်မှသဒ္ဓါသို့၊ ဒေါသစရိုက်မှပညာသို့၊ မောဟ စရိုက်မှ အတွေးအခေါ်သို့ တက်သာကြမည်ဖြစ်ရာ လူသားတိုင်း အကောင်းမလိုချင်။ အကောင်းလိုချင်သည့်တိုင်

လူသားတိုင်း ပင်ပန်းခံ မလုပ်ချင်။ ပင်ပန်းခံလုပ်ချင်သည့်တိုင် မသိညာဉ် အုံခဲ နေသဖြင့် အသိမဝင်နိုင်။ အသိဝင်နေသည့်တိုင် မမြင်ဘူးသော အသိမျိုးဖြစ်နေ၍ အလေ့မလုပ်ချင်။ အလေ့လုပ်သည့်တိုင် အဆန်းကြိုက်စိတ် ရှေ့ကပိတ်နေ၍ ရှေ့သို့မတိုးလိုချင်။

အုန်းသီးရသောမျောက်ဖြစ်စေ၊ ပတ္တမြားငမောက်ကောက်ရသော မျောက်ဖြစ်စေ လူတို့၏ အတုမြင်၊ အတတ်သင်က အသုံးကျချင် ကျဦးမည်။

ကာမသတ္တဝါ ကာမရွာမှလာသော ထိုလူသားများကား ပင်ပန်းသော အလုပ်ဆို မဝါးရသော ငှက်ပျောသီးမှည့်သော်မှ အခွံပါ မစားလိုကြပြီ။ စိတ် ဆုံးမ ရသောအလုပ်ဆိုလျှင်လည်း မည်မျှပင် ရှေ့ကနေ သင်သင် တလေးတစား မလိုက်နာချင်ကြပြီ။

❖

## စက်နှစ်ခုနှင့် လှူမနော

ကာမစက်ကိုလည်းကောင်း၊ ကာမစက်ပိုင်ရှင် ဘုရားအလောင်းတော် စကြာဝတေးမင်း၏သဘောနှင့် သဘာဝကိုလည်းကောင်း အထက်က ပြဆိုခဲ့ပြီးပြီ။



သည့်အတူလျှင်. . . ဓမ္မစက်ကိုလည်းကောင်း၊ ဓမ္မစက်ရှင် ဘုရား၏သဘောနှင့် သဘာဝကိုလည်း ပြခဲ့ပြီးပြီ။

ထိုနှင့်တစ်ဆက်တည်း. . . လောကကိုလည်းကောင်း၊ လောကအတွင်းဝင် လူ့အကြောင်းကိုလည်းကောင်း၊ ၎င်းတို့စင်တင်ဖြစ်ပေါ်လာပုံ ၎င်းတို့၏အမူအကျင့်များဖြင့် ပြခဲ့ပြီးပြီ။

ဤနေရာသည်ကား စက်နှစ်ခုနှင့် စက်သုံးလိုသူ လူတို့ကို ဆက်စပ်ပေးသော နေရာပင်တည်း။

ဘုရားရှင်ပိုင် ဓမ္မစကြာယာဉ်ကား သုံးဆယ့်တစ်ဘုံ တို့သာမက ထိုဘုံတို့၏ပြင်ပအထိ ပို့ဆောင်နိုင်စွမ်းရှိသည်။ သို့သော် စတုဒိသာ အလှူပွဲဆိုသော်လည်း ကိုယ်တိုင်သွားရောက် တိုးစားခြင်း၊ ဝီရိယအရင်းလောက်တော့ စိုက်ထုတ်နိုင်မှသာ စားသုံးခွင့်ရစေသည်ပမာ။

ထိုဓမ္မစကြာယာဉ်ကား သိက္ခာသုံးဆင့်တို့ဖြင့်လည်း (အမြုပ်ကို ပညာကနုတ်၍၊ အလှုပ်ကို သမာဓိကထုတ်၍၊ အဖြုတ်ကိုကား သီလကအုပ်၍) အဆင့်ဆင့် တက်လှမ်းလာခဲ့ရဦးမည်။ ကိုယ်ကိုရော စိတ်ကိုပါ ထိန်းချုပ်၍ လိုရာအရောက် ခေါ်ဆောင်လာခဲ့ရဦးမည်။ ပညတ်သိ(အများပြောသိ)အစား ပရမတ်အသိ(ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်သိ)ဖြင့်လည်း လဲလှယ်ရဦးမည်။ ဘဝနှင့်ကာမကျိုးများကိုကား မိမိ၏ကံအတိုင်းသာ



လက်ခံ ခံစားခွင့်ရတော့မည်။ ထိုဓမ္မစက်ကိုလည်း မျက်စိဖြင့်ကြည့်ခွင့်မရ၊ ဉာဏ်မျက်စိဖြင့်သာ သိခွင့်ရစေသည်။ထိုဓမ္မစက်သွားလမ်းနှင့် လိုက်ပါရကျိုးများကိုလည်း မနောဖြင့်သာ ခံစားခွင့်ရစေသည်။ သို့ကြောင့် ဓမ္မစက်သည် မနောမယယာဉ် (စိတ်ဖြင့်သာ ပြီးသောယာဉ်)ဖြစ်ရကား ကိုယ်လာထိမှ စိတ်ကသိလိုသော ကိုယ်တွေ့ခံလိုသူများ စိတ်မဝင်စား။

ဘုရားအလောင်းတော်ကိုင် ကာမစကြာယာဉ်ကား. . . ငါတို့နေရာ ဤမြေကမ္ဘာအပြင်မျှသာ လှည့်လည်သွားနိုင်၏။ ကမ္မဇိဒ္ဓိခေါ် ကံ၏တန်ခိုးအာနုဘော်မှ ထဖြစ်ရသော စကြာယာဉ်ဖြစ်ခြင်းကောင်း ကာမကိုသာ အကျိုးပြု၏။ အများကိုလည်း ထိုကာမအကျိုးကိုသာ တိုးစေ၏။ ကံမျက်စိဖြင့်ပင် အများတို့ပါ မြင်နိုင်ကြ၏။ စကြာယာဉ်ထက်သို့ကား အများ တက်ခွင့်မရှိ။ သို့သော် စကြာယာဉ်၏ အရိပ်ကိုကား လူအများလည်း လုပ်မယူ (ကြိုးစားမယူ)ရဘဲနှင့် အလိုလိုရစေ၏။

မိမိ ကံ သက်သက်ချည်းမဟုတ်၊ စကြာရှင်၏ကံသက်ဖြင့်ပါ ပေါင်းရုံးထားခြင်းကြောင့် မကောင်းမှုဒုစရိုက် မိမိလည်းမလုပ်။ သူတစ်ပါးတို့အလုပ်ကိုလည်း မခံရ။ ကာမချမ်းသာကိုကား မိမိလည်းမပယ် သူတစ်ပါးတို့လည်း ပယ်စရာမလို။ သို့သော် ထိုအကျိုးခံစားခွင့်ရများကား ထိုစကြာမင်းကြီး နတ်ရွာမစံမီ

ကံတော်မကုန်မီ အတွင်းပိုင်းလေးမျှသာ။

လူတို့သည်ကား. . . နေ့တိုင်းလည်း အစာစား၊ နေ့တိုင်းလည်း ဥတု၏အထိုး ခံစားနေခွင့်ရကြရာ သွေးအားလည်း နေ့တိုင်းတိုး ကာမရိုး ကိုးပေါက်ကိုလည်း နေ့တိုင်း လျှောက်ချင်နေကြပါသည်။ ဤတွင် အစာကိုလည်း အတိုင်းအဆမထားဘဲ စားသုံးမည်။ ရေကိုလည်း ထင်သလိုချိုးဦးမည်။ အအိပ်ကိုလည်း ထင်သလောက် အိပ်ဦးမည်။ ထိုသုံးချက် ကွင်းဆက်မိ သုက်ဓာတ်များ တအိအိပြိုဆင်းလာတော့သည်သာ။

သို့ကြောင့်. . . အစားမက်၊ အအိပ်မက်၊ ရေချိုးမက်တို့ဖြင့် မက်သုံးမက် ဆက်ကျနေသူများက သာမန်လူများထက် ကာမ၊ ရာဂအား ပို၍ထကြွ နိုးကြားနေမည်။

ထိုသူ၌ ကြိုက်အားကြီးနေလျှင် ဘဝင်မငြိမ်၊ နှလုံးအိမ်လှုပ် စိတ်ဆိုးစိတ်ပုပ်များ လှုပ်ရှလာတတ်သည်။ ထိုအခါ ရှေ့မသိ နောက်မမြင် မိုက်စိတ်ကြီး ဝင်လာတော့မည်။

အစာသွေးထ ထိုမနော အလှုပ်အရှကြောင့် အကြိုက်ကျ ခံစားခွင့် ရမိနေကလည်း မိုးမမြင် လေမမြင် ဘာအသိမျှမဝင်ပြီ။ အကြိုက်ကျ ခံစားခွင့် မရလေကလည်း မိုးမမြင် လေမမြင် ဘာ အသိမျှ မဝင်ပြီ။

ထိုလူ့မနောသည် ကာမစက်နှင့် ဓမ္မစက် မည်သည့်စက်သို့



တက်မည်နည်း။ ကာမစကြာရှင်နှင့် ဓမ္မစကြာရှင် မည်သူ့ထံ ခိုဝင်မည်နည်း။

ဤလောကကြီးသည် မိုက်လုံးကြီးများကသာ တစ်လုံးပြီး တစ်လုံး ဖုံးမိနေကြ၏။ အမိုက်ကိုခွင်း အလင်းဘက် ချဉ်းနိုင်သူကား အနည်းအကျဉ်းလေးမျှသာ။

ထိုလောကသားများ၏ ကံကြမ္မာကား . . . ပိုက်ကွန်ကြီးဖြင့် အုပ်မိထားသော ငှက်များကမှ လွတ်ကောင်း လွတ်ဦးမည်။ ယင်းတို့ကား အမိုက်မှပြောင်း အကောင်းဘက် ရောက်ဖို့ကား အခွင့်အရေးနည်းပါးလှချေသေး။

လူ့မနောသည် သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့၏ အထိုးအဆွများချည်း ခံနေကြရရာ အသိဉာဏ်လည်း ပွင့်သင့်သလောက် မပွင့်။ ကိုယ်နှင့်စိတ်ကို ထိန်းချုပ်၍ ကိုယ်အားစိတ်အား အားထုတ်ရမည်ကိုလည်း မလိုလား။ မျက်စိရှေ့ အတွေ့ပေါ်မှလည်းယုံစား။ ကိုယ် ရုပ်သိမ်း စိတ်ရုပ်သိမ်း၍ အငြိမ်းဓာတ်မျှချည်း ကိန်းစေမည်ဆိုက လုံးဝမကြားလို။

ထိုလူသားများ၏ရှေ့သို့. . . သို့မဟုတ် သင့်ရှေ့သို့. . . ဘုရားရှင်နှင့် အလောင်းတော်စကြာရှင် အတူယှဉ် ဝင်လာပါက သင်သည် မည်သူ့ကို အလျင် ခရီးဦး ကြိုဆိုမည်နည်း။ သင်သည် မည်သူ၏ဩဝါဒကို ခံယူမည်နည်း။ သင်သည် မည်သူပေးသော အရသာများ ခံစားချင်ပါသနည်း။



ဤနေရာသည် စက်နှစ်ခုနှင့် လူ့မနော အကဲဖြတ်ရမည့် နေရာတည်း။

❖

**ဖော် လာလှည့်၊ ပဿ ရှုလှည့်**
**ဘယ်လိုပင် ညှော်ခံရှိနေသော်လည်း**

**အန္ဓီဘူတော အယံလောကော၊ တနုကေတ္ထ ဝိပဿသိ**
**သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါသဂ္ဂါယ ဂစ္ဆတိ။**

**အယံလောကော**-ဤလောကကြီးကား၊ **အန္ဓီဘူတော**-အမိုက်တို့ကသာ ဖုံးအုပ်နေ၏။

**ဧတ္ထ**-ဤလောကကြီးထဲ၌၊ **ဝိပဿသိ**-ကိုယ်တွင်း စိတ်ထည့် ကိုယ့်အကြောင်း ကိုယ်ပြန်ကြည့်လေ့ရှိသူသည်ကား၊ **တနုကော**-မဆိုစလောက်ကလေးသာ။

**တသ္မာ**-ထို့ကြောင့်၊ **သကုဏော**- ပိုက်တွင်းမိ ငှက် အပေါင်းအထဲမှ၊ **ဇာလမုတ္တော**-ပိုက်မှတိုးထွက်လာခဲ့နိုင်သော ငှက်မည်သည်၊ **အပ္ပေါဝ**-အင်မတိ အင်မတန် ရှားပါးလှဘိသို့၊ **အယံ လောကော**-ဤလောကသား ထဲမှလည်း၊ **သဂ္ဂံ**-နတ်ပြည်အစ နိဗ္ဗာန်ကျအောင်သို့ကား၊ **အပ္ပေါ**-အနည်း

အကျဉ်းမျှသာ၊ **ဂစ္ဆိတိ**-သွားသာကြပေ၏ တကား။

ဤကား ဘုရားရှင် ညည်းတွားသော စကားတော်တည်း။

ကာမအရာဝယ် တဏှာဦးစီး၏။ ထိုတဏှာ သဒ္ဓါဘက် မပြောင်းသမျှ ဓမ္မကို အားမကိုး။ ဓမ္မအရာဝယ် သဒ္ဓါဦးစီး၏။ ထိုသဒ္ဓါ နိုးထက်နေသမျှ ကာမကြောသို့ တောမတိုး။

ထိုသို့ လူကိုင်မှု နှစ်မျိုးရှိချေရာ. . . တိရစ္ဆာန်ဘဝ အခြေတည်ကမ္ဘာမှ စတင်ထူထောင်လာခဲ့ရသော ကာမတဏှာ။ ယနေ့လည်း အာရုံအမျိုးမျိုးတို့ဖြင့် အစာကျွေး၍ လက်သပ်မွေးထားရသော ကာမတဏှာ။ ထိုအထဲ တည်ဆောက်ထားသော ဘဝနှင့်ခန္ဓာကလည်း ကာမအစာထည့်မှ လှုပ်ရှားသောအမျိုးဖြစ်နေခြင်းများကြောင့် သဒ္ဓါဘက် လက်ပြောင်းရန်ကား ရင်ကြပ်မည်။ သူ့အလိုက်သင့် ဆက်လက်လှုပ်ရှားသူများကား ရင်ချောင်မည်။

ရင်ကြပ်ဒဏ် ကြံ့ကြံ့ခံ၍ ပြောင်းသူများ ဓမ္မစက် တက်ခွင့်ရသည်။ ရင်ကြပ်ဒဏ် လုံးဝမခံနိုင်သူများ ဓမ္မစက် တက်ခွင့်မရ။ ထိုရင်ကြပ်ဒဏ် ကြံ့ကြံ့ခံသူများကား ကိုယ်ကိုလည်းမညှာ စိတ်အလိုသို့လည်း မလိုက်ပါသူ လူနည်းစု မျှလောက်သာရှိရကား . . . ဓမ္မစက်ထက် တက်သူကား အနည်းအကျဉ်းလေးသာ။



လောကတွင်. . . ဘုရားသည် အကြီးဆုံး အမြတ်ဆုံး အသာဆုံးဖြစ်ပြီး၊ လောကီအကျိုးကို လည်းကောင်း၊ လောကုတ္တရာ အကျိုးကိုလည်းကောင်း၊ ပစ္စုပ္ပန်အတွက်ကို လည်းကောင်း၊ နောင်အတွက်ကိုလည်းကောင်း ဘာမဆို လိုသလောက်တွင်မက လိုသည်ထက် အပိုရစေသော အနတ္တစွမ်းအားရှင်အစစ် ဖြစ်၏။

သို့စဉ်လျက်. . . ယင်းဘုရားရှင်၏အလောင်းတော်ဘဝ စကြာဝတေးမင်းဖြစ် ကာလတုန်းက ပြည်အလုံး တိုက်အလုံး ကမ္ဘာအလုံး အားလုံးပင် စုစုရုံးရုံး အုံးအုံးကျွက်ကျွက် တစ်ခဲနက်နက်ဖြင့် ချဉ်းကပ်ခြင်း၊ အရိုအသေပြုခြင်း၊ ယုံကြည်လေးစားခြင်း၊ ခိုကိုးခြင်း ပြုခဲ့ကြသလောက် ယခုကား ဖြစ်မလာပြီ။

ကမ္ဘာတစ်ခုလုံး မဆိုထားဘိ တိုက်တစ်တိုက်ပင် မနှံ့စပ်။ တိုက်တစ်တိုက် ထားလိုက်ပါဦးတော့၊ ပြည်တစ်ပြည်ပင် မနှံ့စပ်။ ပြည်တစ်ပြည် ထားလိုက်ပါဦးတော့၊ မြို့တစ်မြို့ပင် အားလုံး အိမ်စေ့မရောက်။

စကြာဝတေးမင်းအဖြစ်ကလည်း သည်ဘုရားပဲ။ သည်ဘုရားကလည်း စကြာဝတေးမင်းပဲ။ သို့စဉ်လျက် ဘာကွာခြားနေသနည်း။

တစ်ဖန် ကယ်တင် စွမ်းအားများ၌လည်း . . . သည်



ဘုရား၏ စကြာမင်းဘဝတုန်းက မှီသူအားဖြင့် တစ်ကမ္ဘာ၊ ပေးနိုင်ရာကား ကာမ၊ သည်မျှလောက်ကိုသာ။ စိတ်ထားကား မေတ္တာမျှသာ။

ယခု သည်ဘုရား၏ အနန္တစွမ်းအားရှင်အဖြစ်တွင်ကား မှီသူအားဖြင့်လည်း တစ်ကမ္ဘာ လူတစ်မျိုးမျှမက ကမ္ဘာအားလုံး ဘုံအားလုံးတို့၏ အတွင်းအပြင်ပေးနိုင်ရာ၊ အရသာအားဖြင့်လည်း ကာမသုခအပြင် ဓမ္မသုခ၊ ဝိမုတ္တိသုခ ထိုမှပွားကာ ကံအရာ၊ ဈာန် အရာ၊ ဉာဏ်အရာ အားလုံးအဆုံးအထိပင်။ တစ်ဖန် စိတ်ထားအားဖြင့်လည်း မေတ္တာမျှမက၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာအထိပင်။ ဝန်ဆောင်အားဖြင့် ဆိုရပါမူ ရှိသမျှ အသက်နှင့်ခန္ဓာ ဝေနေယျသို့ အပြီးအပ်ပြီးသားတည်း။

သို့စဉ်လျှက်. . . စကြာမင်းဘဝတုန်းက အားလုံးတစ်ညီတစ်ညွတ်တည်း ဩဝါဒသံ နာခံခဲ့သလောက်၊ သည်ဘုရားဘဝအရောက်တွင်ကား . . . အနတ္တ သဘာဝဩဝါဒကို အတ္တဖြင့် ပြန်လှန်ခုခံသူများကလည်း ဒုနဲ့ဒေး။ ဒုက္ခ သဘာဝဩဝါဒကို သုခဖြင့် ပြန်လည်ချေပသူများကလည်း မနည်းလှ။ အနိစ္စ သဘာဝဩဝါဒကို နိစ္စဖြင့် စကားရည်လုသူများကလည်း မရှား။

ဩော်. . . ဘုရား. . . ဘုရား . . . သူ့ကရုဏာ ဘယ်လိုထားထား အများကား အသိမှတ်မပြုချင်ကြပါကလား။

သူ့မေတ္တာ ဘယ်လိုသန့်သန့် အများကား မခံယူလိုကြပါကလား။ သူ့ဝန်ဆောင်တိုက် ဘယ်လိုပင်ဆိုက်ဆိုက် အများကား မလိုက်ချင်ကြပါကလား။

ထိုအများကား တဏှာမှ သဒ္ဓါသို့ မပြောင်းချင်ကြသေး။ ထိုအများကား ဒေါသမှလည်း ပညာသို့ မပြောင်းချင်ကြသေး။ ထိုအများကား မောဟမှလည်း ကိုယ်တိုင်အတွေးအခေါ်သို့ မပြောင်းဖြစ်ကြသေး။

ထိုဘုရား၏ ဣဋ္ဌာသယ မနောမယ ပတ္တမြားရတနာကဲ့သို့သော လူချမ်းသာ၊ နတ်၊ ဗြဟ္မာတို့ချမ်းသာအပြင် ဓမ္မအရသာ၊ ဝိမုတ္တိ အရသာတို့နှင့်တကွသော နိဗ္ဗာန်ချမ်းသာကို ပေးလိုသည့် လက်ဆောင်ပဏ္ဏာ၊ အမွေဥစ္စာကား လက်မဲ့မှပြောင်း လက်ကောင်းဖြင့် ယူမှသာ ရမည်ဖြစ်ရာ။

အင်း. . . ဘုရားနှင့်အများ ဘယ်တော့များမှ နီးစပ်ကြပါ့။

အင်း. . . ဘုရားနှင့်သူ့သားသမီးများပင်. . . ဘယ်တော့များမှ အတူသွား အတူလာ နေထိုင်ခွင့်ရကြပါ့။



## ကျမ်းပြီးနိဂုံး

**ကာမဿ စက္က ပဝတ္တိ၊ ကာမ သုခါယ ဝမှတိ**
**ဓမ္မဿစ စက္က ဝတ္တိ၊ သဗ္ဗံ သုခံ ယံ သာဓေတိ**
**တေနဟိ ကာမ သတ္တာနံ၊ ကဿာ ဓမ္မဿ ပဝတ္တေ**
**မာတာဏောသိ ပရာယနော၊ လေဏောသိ နုခေါ**
**ဆာယာယံ။ ။**

**ကာမဿ**-စကြာယာဉ်နှင့် စကြာရှင်၏၊ **စက္ကပဝတ္တိ**- စက်လည်ကျိုးကား၊ **ကာမသုခါယဝမှတိ**- လူ့ဘဝ၏ကာမ၊ သုခကိုမျှ အတိုးရစေ၏။

**ဓမ္မဿစ**-တရားယာဉ်နှင့် တရားရှင်၏၊ **စက္ကဝတ္တိ**- စက်လည်ခြင်းကား၊ **ယံ သဗ္ဗံ သုခံ**- အကြင်ချမ်းသာခြင်းမှန်သမျှ အဝဝကိုလျှင်၊ **သာဓေတိ**- ပြီးစီးစေနိုင်၏။

**တေနဟိ**- ထိုသို့ဖြစ်လျက်နှင့်ပင်၊ **ကာမသတ္တာနံ**- ကြိုက်ရာရာအကောင်းထင် ကြိုက်ရာသို့သာ သွားလမ်းပြင်နေကြပါကုန်သော သတ္တဝါအများတို့သည်ကား၊ **ဓမ္မဿ ပဝတ္တေ**- ဓမ္မစက်လည်ပတ်ရာ ဓမ္မရတနာ ဝေငှနေရာ ပွဲခင်းထဲသို့၊ **ကဿာ**-ဘာ့ကြောင့်၊ **မာတာဏောသိနုခေါ**- မပုန်းအောင်းချင်ကြလေသနည်း။ **မာပရာ ယနောသိ နုခေါ**- မလဲလျောင်းချင်



ကြလေသနည်း။ **ကဿာ**-ဘာ့ကြောင့်၊ **ဓမ္မဿ ဆာယာယံ**- ဓမ္မစကြာယာဉ်၏အရိပ်ထဲသို့၊ **မာလေဏောသိနုခေါ**- မခိုဝင်ချင်ကြလေသနည်း။

**မဟာဗောဓိမြိုင်ဆရာတော်**
**၁၃၆၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်နေ့**
**မောနေယျတော၊ စကား။**

**ကျမ်းပေါင်းအားလုံး ကမ္ဘတ်ဖုံး နိဂုံးချုပ်လိုက်ပြီ**

**လေခက္ခရေဟိ လီပိကံ၊ အကာသိံနုရူပံ ဓမ္မံ**
**ယေနာကာရေန သောအဟံ၊ မာပတ္တိ ကိတ္တိ**
**ယံ လာဘံ၊**
**န ဒက္ခာ နစ ဝါသနာ၊ ပနတထာပိ ဗောဓါနံ**
**ဗောဓိယာ ပဂ္ဂဏှိ တုကာမော၊ ဉာဏောပိ**
**ဝိကသိတု ဝေ၊**
**ယေ ပဿံ ဓမ္မံ ဝိဇ္ဈန္တု၊ ပတ္ထယာမီတိ ဣမိနာ။ ။**

**လေခက္ခရေဟိ**-မင်သက်အက္ခရာတို့ဖြင့်၊

**အနုရူပံ ဓမ္မံ**-တရားနှင့်အလိုက်သော၊ **လီပိကံ-**စာစုပေစုရေးရာမှုကို၊ **အကာသိံ-**စိတ်တွေးလမ်းဖောက် မဖြစ်စလောက်ဖြင့်ကောက်ခါ ထောက်ရှု စုရင်းပြု ပြုရင်းစု ပြုခဲ့မိစုခဲ့မိပါချေပြီ။

**သောအဟံ**-စာစုပေစု ကျမ်းအဖြစ် ပြုစီရင်သောထိုငါသည်၊ **ယေနအာကာရေန**-အကြင်ကျမ်းငယ် ကျမ်းစုစီရင်မှုအတတ်ဖြင့်၊ **ကိတ္တိံစ-**ထင်ပေါ်ကျော်ကြား လူသိများ



လိုခြင်းကိုလည်း၊ **မာပတ္တိ-**မတောင့်တခဲ့ဘူးသည်မှာ အမှန်ပါ။ **လာဘံစ**-ဘုန်းလာဘ်ပိုမို စိုပြေလိုခြင်းကိုလည်း၊ **မာပတ္တိ**-မမျှော်လင့်ရိုး အမှန်ပါ။

**စ**-နောက်တစ်ချက်မှာ၊ **သောအဟံ**-ထိုငါသည်၊ **ဒက္ခာဝါ**-စာပေရေးရာ ကျွမ်းနိုးလိမ္မာခြင်းကြောင့်လည်း၊ **န-**မဟုတ်။

**ဝါသနာ ယစ**-ရေးသားမှုဘက် ဝါသနာထက်လွန်း၍လည်း၊ **န**-မဟုတ်။

**ပနတထာပိ**-ထိုသို့ပင် ဟုတ်ဘူး ဟုတ်ဘူး ပြောင်လိမ်ဘူးသုံးနေပါသော်လည်း၊ **ဝေ-**အမှန်ဝန်ခံရပါမူ၊ **ဗောဓာနံ**-သိထိုက်သူ လူအပေါင်းတို့အား၊ **ဗောဓာနံ**-အသိ ပေးထိုက်နေသူ လူအပေါင်းတို့ကို၊ **ဗောဓိယာ**-သစ္စာဉာဏ်ဖြင့်၊ **ပဂ္ဂဏှိတုကာမော**-ကူထောက် ပို့ကြို ချီးမြှောက်လို၍ လည်းကောင်း၊ **ဗောဓာနံ**-အသိပေးထိုက်သူ လူအပေါင်းတို့၏၊ **ဉာဏောပိ**-အသိဉာဏ်သည်လည်း၊ **ဝိကသိတုကာမော-** ပွင့်စေလို၍လည်းကောင်း၊ **လေခက္ခရေဟိ**-စာမျက်နှာထက် မင်အကျအစက်တို့ဖြင့်၊ **လီပိကံ-**ရေးသားမှုကို၊ **အကာသိံ** -ပြုကျင့်မိခဲ့ပါပြီ။

**ဣမိနာ**-ထိုထိုကျမ်းစု ဤမည်သော ရေးသားမှုကြောင့်၊



**ဣမိနာ**-မှန်သည်ကိုကား ဝန်ခံ မမှန်သည်ကို ငြင်းဆန်ရခြင်းကြောင့်၊ **ဣမိနာ** -မှန်သောစကား အရှိအရှိအတိုင်း ပြောကြားရခြင်းကြောင့်၊ **သောအဟံ** -ထိုငါသည်၊ **ပတ္ထယာမိ**-ရလိုသောဆု သစ္စာပြု၍ တောင်းပါ၏။

**တံ**-ထို ငါတောင်းလိုရာဆုသည်ကား၊ **ယေ-**စာကိုလည်းဖတ် အမြတ်လည်းရှာ ဘာသာကိုလည်း ယုံကြည်ကြပါကုန်သောအကြင် ဘုရားသားတော် သမီးတော်အပေါင်းတို့သည်၊ **လီပိကံ**-စာကို၊ **ပဿံ** -ရှုကြည့်လျက်က၊ **ဓမ္မံပိ-**စာကပြောကြား သဘောတရားများကိုလည်း၊ **ဝိဇ္ဈန္တုတိ**-ကိုယ်ပိုင်ဉာဏ်သွင်း ရှင်းရှင်းလင်းဖြင့် ဘွင်းဘွင်းကြီးပေါက် ထိုးဖေါက်သိ သိကြပါစေကုန်ဟူ၍။

ငါတို့သည်ကား တောရပ်ကိုမှီ တောဝသီဖြင့် နေလေ့ရှိပါကုန်၏။ စာရေးရန်ဆန္ဒမရှိ၊ ရေးနိုင်လောက်သော အင်အားလည်းမရှိ။ ရေးလည်းမရေးတတ်ခဲ့။ မရေးတတ်ဘဲ ဘာကြောင့်ရေးသလဲ မေးစရာရှိ၏။

ဖြေရှင်းလိုသည်မှာ . . . ငါတို့နှင့် ပတ်သက် စပ်ဆက်လျက်ရှိကြပါကုန်သော ဘုရားသားတော် သမီးတော်များသူတော်ကောင်းအစားစားတို့သည် မြို့ကိုလည်းမဝင် ရွာတွင်လည်း မကပ်။ ဟောပြောခြင်း ပြသခြင်းများကလည်း အလွန်ပြတ်လပ်။ သည်သို့သာ ကပ်ကလည်း မကပ် ပြတ်ကလည်း

ပြတ်ဖြင့် ရေးရာမမှု ဥပေက္ခာပြုထားချေသော် . . .

ငါတို့သည်လည်း သာသနာ့ဝန် တာဝန်မကျေရာ ရောက်တော့မည်။ သူတို့သည်လည်း ပစ္စည်းသာထောက် အားကိုးသလောက် ခရီး မရောက် ရှိချေတော့မည်။

ဤအချက်များသည် မတတ်ရာက မတတ်စာဖြင့် (ကပ်လာသူများအား ရေးပေးရာအတိုင်း အဖတ်ခိုင်းနေသော) ကိုင်းနှင့်ကျွန်း လွန်းပျံ၏အချက်များတည်း။

ထိုသို့ရေးသဖြင့် . . . ခရီးသွားလာရာရှေ့ ခြေထိုးသဖွယ် ဖြစ်သော လူရှုပ်၊ လာဘ်ပေါ်၊ ကျော်ဇော၊ ခြွေရံ ဤလေးတန်တို့ကို ငါတို့သည် မတောင့်တမိ။

တောင့်တမိသည်မှာ ငါတို့ရေးသားပေးပို့ခဲ့သမျှ စာပေတို့ကို ဖတ်ကြားမိသူအားလုံး စာပေအက္ခရာများကို ဉာဏ်ဖြင့် ထိုးဖောက်၍ ထိုစာလုံးတို့နောက်ဝယ်ရှိ အယူအဆ ရေးရာ အဖြာဖြာတို့ကို သဘောပေါက်စေလိုခြင်းပင်။

စကားနောက်မှာတရားပါ ပါးလွှာဉာဏ်ဖြင့် ကြည့်တတ် သိတတ်ကြပါစေ . . .။

**မဟာဗောဓိမြိုင်ဆရာတော်**
**ဝနဝါသီဧဥ ယျမမ္မသာမိထေရ်**